# မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၇)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက်

**စာမျက်နှာ ၁၇ ကော်လံ ၁ ●**




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။

## အာဆီယံတူညီဆန္ဒ (၅)ရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံက (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားထားပါကြောင်း၊ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ (၂) မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် နိုင်ငံ့အကျိုးစီးပွားကိုအခြေခံပြီး အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ (၃) အကြံပြုချက်များသည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုပြီး အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့ကို အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ ○**

## မတ္တရာမြို့နယ်နှင့်ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူ ၁၂၀၀၀ ကျော် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိ


မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်နှင့် မြို့နယ်ပတ်ဝန်းကျင်ရှိကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော မတ္တရာမြို့နယ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြတ်တောက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားရရှိရေးကို အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မတ္တရာမြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် ဓာတ်အားပြန်လည်ရရှိပြီဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှသိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ ➤**

**နေပြည်တော်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့်ပြီ**

စာ - ၁၂ သို့




## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင်လ ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**စာမျက်နှာ ၆ ကော်လံ ၁ ➪**

**အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရေဝေယာအတွင်း ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး**

## နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂိမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရေဝေယာအတွင်းရှိပျက်စီးဆုံးရှုံးမှုများပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မောင်းနှင်လျက်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ➧**

အထက်ပေါင်းလောင်းရေအားလျှပ်စစ်တမံနှင့် ဆက်စပ်အဆောက်အဦပြပုံ




**စနစ်ကျသော အမှိုက်ခွဲခြားစွန့်ပစ်မှု၏ အကျိုးကျေးဇူးများ** ဆောင်းပါး စာ - ၁၃ သို့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ** စာ - ၁၂ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်)

# လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာကြံ့ခိုင်သောပညာတတ်များ ပေါကြွယ်ဝရန်လိုသည်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ မိမိ၏လူမှုစီးပွားဘဝ လုပ်ဆောင်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ အခြားသောကုန်ထုတ်လုပ်ငန်းများတွင် ပညာတတ်မြောက်မှုရှိမှသာ လုပ်ငန်းဆောင်တာအောင်မြင်တိုးတက်မည်။ ထို့အတူ ကျန်းမာရေးကောင်းမွန်နေမှလည်း လုပ်ငန်းကို ကောင်းမွန်စွာ ထိန်းကျောင်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပညာရေးနှင့်ကျန်းမာရေးဆိုသည်မှာ ဒွန်တွဲနေသည့်ကိစ္စရပ်ဖြစ်သည်။ လူငယ်များကို ငယ်စဉ်ကလေးဘဝကတည်းက ကျန်းမာရေးကောင်းမွန်စေရေးကို ပြုစုပျိုးထောင်လမ်းညွှန်ပြသရမည်ဖြစ်သည်။ ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ရရှိစေရေးအတွက်လည်း အာဟာရပြည့်ဝသည့်အစားအစာများ ကျွေးမွေးရမည်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့် အားကစားကဏ္ဍတွင်လည်း အားနည်းနေခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အခြေခံပညာကျောင်းများကိုသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော စံကိုက်ဖြစ်သည့်ကျောင်းများဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်ခြင်း၊ ပြည်သူများကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် အပန်းဖြေခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် အပန်းဖြေနေရာများနှင့် ပန်းခြံများတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်ပညာရေးအားနည်းချက်၏နောက်ဆက်တွဲအနေဖြင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းများ အားနည်းခဲ့ကြသည်။ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားကြသည့် ပြည်ပအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ ဆူပူအကြမ်းဖက်သည့် လမ်းကြောင်းပေါ်သို့ ပညာရေးအားနည်းသူအများစု ရောက်ရှိသွားကြသည်။

ထို့ကြောင့် နိုင်ငံတော်ကိုတာဝန်ယူခဲ့ရသည့် ၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတို့တွင် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာအတန်းနှင့် ဘာသာရပ်များအလိုက် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်စေရေး သင်ကြားပေးကြရန်လိုသည်။ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ်ပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“ကျောင်းပညာရေးကိုသင်ကြားပေးရုံသာမက ကျန်းမာကြံ့ခိုင်မှုရှိစေရေး ကာယအချိန်များတွင် အားကစားနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများဆောင်ရွက်ခြင်းနှင့် ပြင်ပဗဟုသုတများရရှိစေရေး၊ အခြားလူမှုဆက်ဆံရေးနှင့် ပြည်သူ့နီတိများကိုလည်း သိရှိနားလည်စေရေးသင်ကြားလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကျောင်းနေအရွယ်ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အသိပညာအတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့်လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်ကို အလေးအနက်ထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးနှင့်ဆက်စပ်၍ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်း အစိုးရတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် **“ဆေးရုံရှိပါက ဆရာဝန်ရှိရမည်၊ လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ”** စသည့်မူဝါဒများချမှတ်၍ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြင့်မားစေရေး အလေးထားဆောင်ရွက်စေလျက်ရှိသည်။ ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ အစားအသောက်နှင့် သောက်သုံးရေများသန့်ရှင်းမှုရှိစေရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အစိုးရအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# စစ်ကိုင်းမြို့၌ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်း ဇူလိုင် ၂၃

စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါးစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းကို ဇူလိုင်လ ၂၂ ရက်တွင် မြို့နယ်သမဝါယမအသင်းစုရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က စိုက်ပျိုးရေးတောင်သူများ မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ပေးနေမှု၊ သီးနှံအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရမည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချသည်။

အဆိုပါနည်းပညာပေးသင်တန်းသို့ မိုးစပါးစိုက်ပျိုးသည့် ဆင်မင်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၇-၂၀၂၆(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

Online Newspaper

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဓမ္မရံကြီးဘုရား (၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ သံဃာတော်များအား ဆွမ်းသပိတ်လုံးလောင်းလှူ

ညောင်ဦး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ဓမ္မရံကြီးဘုရား (၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇူလိုင်လ ၂၂ ရက်က ပင့်သံဃာများအား ဆွမ်းသပိတ်လုံးလောင်းလှူခြင်းတို့ဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာ ၃၉ ပါးတို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးစိုးမြင့်ခိုင်၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ဓမ္မရံကြီးဘုရားဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ ဆွမ်းသပိတ်လုံးကုသိုလ်ရှင်များက ဆွမ်းသပိတ်လုံးလောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ ဓမ္မရံကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်လှူဒါန်းမှုအစုစုတို့အတွက် ဓေယျဝတီစာသင်တိုက်ဘဒ္ဒန္တအရိယအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးစိုးမြင့်ခိုင်နှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ဓမ္မရံကြီးဘုရား သြဝါဒစရိယ ရွှေချမ်းသာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဓမ္မရံကြီးဘုရားသည် ပုဂံဒေသတစ်ဝိုက်၌ ထုထည်အကြီးမားဆုံးသော ဂူဘုရားတစ်ဆူဖြစ်ပြီး နရသူမင်းကြီးက တည်ထားကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်၏ပေါင်းကူးများနှင့် တခြားအခြေခံဗိသုကာလက်ရာများမှာ ယခုထက်တိုင် ခိုင်ခံ့ကောင်းမွန်ပြီး လက်ရာပြောင်မြောက်လျက်ရှိကြောင်း သိရသည်။ အပ်ထိုး၍မရနိုင်အောင် အကောင်းဆုံး အုတ်စီပုံလက်ရာများကို ဘုရားအတွင်းနံရံများနှင့် မဟာရံတံတိုင်းတို့တွင် တွေ့မြင်နိုင်ကြောင်း သိရသည်။



ဒီပါလင်း

## ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေး

မန္တလေး ဇူလိုင် ၂၃

မျိုးဆက်သစ်ကျောင်းသားလူငယ်များအနေဖြင့် အတန်းပညာရပ်များအပြင် အသိဉာဏ်ပညာနှင့် အကျင့်စာရိတ္တကောင်းမွန်တိုးတက်လာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်သော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါကျောင်း၌ ဇူလိုင်လ ၂၂ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသက်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၏ဦးဆောင်မှုဖြင့် လူငယ်စကားဝိုင်းကိုစတင်ရာ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သင်ယူမှုနှင့် သင်ယူခွင့်ဖန်တီးပေးရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍခေါင်းစဉ်ငါးရပ်ဖြင့် တက်ကြွစွာ ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်ဆန်းစစ်ခြင်းနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်တွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းနှင့် အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင်လ ၂၂ ရက်က စာဖြူစုကျေးရွာနှစ်ခြင်းခရစ်ယာန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောဂျက်ကော့ထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်တို့က အမှာစကားများပြောကြားကြသည်။ ဆက်လက်၍ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်ဆန်းစစ်ခြင်း၊ စစ်တမ်းကောက်ယူခြင်းကို တာဝန်ရှိသူများက ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကာ သင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောဂျက်ကော့ထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တွံတေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သင်တန်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မှော်ဘီမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး ဝိုင်းဝန်းကာကွယ်တားဆီးနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၂၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးဝင်းစိုးက မုဒိတာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးဝင်းစိုးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးများရောက်ရှိလာပုံ၊ စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်ဖြန့်ဖြူးမှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့်ရရှိလာမည့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ် စသော ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေးဆိုးကျိုးများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောအကြောင်းအရာများကို မေးမြန်းကြရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**စန်းဝင်း(ပြန်/ဆက်)**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နံနက်မိုးလင်းလျှင် မောင်သက်တင်ကလေးသည် ခင်စိန်ကြည်၏အခန်းတွင်းသို့ ပြေးဝင်လာ၍ "မမ လာ ကျွန်တော်တို့အောက်ဆင်းကြစို့၊ ဟိုမှာကြည့်စမ်း သူတို့သွားကြပြီ" ဟုပြလျှင် ခင်စိန်ကြည်လည်း ပြတင်းပေါက်မှ လှမ်း၍ကြည့်လိုက်ရာ မောင်သက်ညွှန့်နှင့် ဝတ်လုံကတော်တို့သည် ရထားနှင့်ထွက်၍သွားကြသည်ကို မြင်ရသဖြင့် အဝတ်လဲ၍ အိမ်အောက်သို့ ဆင်းသွားကြလေ၏။

အိမ်အောက်သို့ရောက်လျှင် မြင်းရထားတစ်စင်းသည် ဝင်းအတွင်းသို့ဝင်လာ၍ လူတစ်ယောက်သည် မြင်းရထားပေါ်မှ ဆင်းလာလျှင် ခင်စိန်ကြည်သည် အိမ်ဝမှ ရပ်လျက်

"အမယ် ကိုထွန်းမြတ်ပါလား၊ ဘယ်တုန်းကရောက်လာသလဲ၊ ဝမ်းသာလိုက်တာရှင်၊ လာမယ်လို့တော့ ကျွန်မ ထင်မိပါရဲ့၊ ဒါပေမဲ့ ဒီလောက်ရက်အတွင်းတော့ လာသေးမယ်မထင်မိပေဘူးရှင်"ဟု ရွှင်လန်းသောမျက်နှာဖြင့် ဆီး၍နှုတ်ဆက်လျှင်...

"ရွှေဘိုက အမှုသည်တစ်ယောက်က ငှားလို့ မနေ့ကပဲရောက်တယ်၊ ရောက်တဲ့အခါ နှမတို့ဆီ ဝင်ဦးမယ်လို့လာခဲ့တာ။ ဝတ်လုံတော်ရမင်း ရေနံချောင်းက မပြန်သေးဘူးဆို"

"ဟုတ်တယ်ရှင်၊ မပြန်လာသေး" ဟု ပြောဆဲတွင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်၏ ၁၀၀ တန်စက္ကူကို သတိရ၍ ပြောမည့်စကားကို မပြောနိုင်ဘဲ မျက်နှာပူလျက်နေလေ၏။

မိမိ၌လည်း ကြေးငွေမရှိ၊ ဝတ်လုံတော်ရမင်းလည်း မပြန်လာသေး၊ ပြန်လာပါလျှင်လည်း ဝတ်လုံတော်ရမင်းထံမှ မတောင်းလိုသဖြင့် ခင်စိန်ကြည်သည် အသေးအဖွဲ့သုံးရန်အတွက် စက္ကူကိုလဲ၍ သုံးမိလေ၏။

မောင်ထွန်းမြတ်သည် မောင်သက်တင်ကိုကြည့်၍ "တယ် ချစ်စရာကောင်းတဲ့ လူကလေးပါလား" ဟု ပြောလျှင်-

"ကျွန်မတို့ဦးလေးသား မောင်သက်တင်ပေါ့"

"တယ်ပွင့်ပွင့်လင်းလင်းရှိတဲ့ မျက်နှာကလေး၊ မင့်အသက် ဘယ်လောက်ရှိပြီလဲဟေ့"

"ကျွန်တော်က ငါးနှစ်ခင်ဗျ၊ ကျွန်တော့်ညီကလေးက နှစ်နှစ်" ဟု သွက်သွက်လက်လက်ပြန်၍ပြောလျှင် ခင်စိန်ကြည်သည် လူကလေးကို ငုံ့၍နမ်းလျက်...

"ဒီဟာက မမတို့မောင်ကြီး ကိုထွန်းမြတ်ပေါ့...၊ မမကိုအင်မတန် ခင်ရှာတယ်" ဟုပြောလျှင် မောင်သက်တင်လည်း မောင်ထွန်းမြတ်၏မျက်နှာကို သေချာစွာ မော်ကြည့်၍ "ဟုတ်လားခင်ဗျာ၊ ခင်ဗျားက ကျွန်တော့်မမကိုချစ်ရင် ကျွန်တော်က ခင်ဗျားကို ချစ်မှာပဲ" ဟုပြော၍ မောင်ထွန်းမြတ်၏လက်ကို သွား၍ ကိုင်လျှင်-

ခင်စိန်ကြည်က "အင်မတန်ခင်ရှာတယ် လူကလေးရယ်၊ ဒါနဲ့ ရှင့်ဟိုဥစ္စာ ကျွန်မ မသုံးဘူးလို့အောက်မေ့တာ အင်မတန်ကျေးဇူးတင်ပါတယ်ရှင်၊ အခုတော့ ကျွန်မလည်း ဦးလေး" ဟု တစ်ခွန်းချင်းပြော၍ နေလျှင်-

မောင်ထွန်းမြတ်က မသိချင်ပြု၍ရယ်လျက် "နှမပြောတာ နားမလည်ပါဘူး၊ ဘာပြောတာလဲ၊ ဒါနဲ့ ဝတ်လုံကတော်ကြီးကော မရှိဘူးလား၊ ဘယ်သွားသလဲ" ဟုမေးရာ။

ခင်စိန်ကြည်သည် မိမိနေရသည့် အဖြစ်ကို ရုတ်တရက်သတိရ၍ ညှိုးငယ်သောမျက်နှာထားနှင့် "အလည်သွားကြပါသည်" ဟု ပြောလေ၏။

**"ခင်စိန်ကြည်သည် အားကိုးရာမဲ့ဖြစ်နေ၍ အလွန်တရာ ညှိုးငယ်သောမျက်နှာထားနှင့် မောင်ထွန်းမြတ်၏မျက်နှာကို မော်ကြည့်ပြီးလျှင် "ကျွန်မဖေဖေနဲ့နေတုန်းကလိုတော့ ဘယ်မှာစိတ်ချမ်းသာနိုင်မလဲ မောင်ကြီးရယ်၊ ဒီမှာတော့ ကိုယ့်ဦးလေးအိမ်ဆိုပေမယ့် ဦးလေးကလည်းမလာသေး၊ မပြောပါရစေနဲ့ မောင်ကြီးရယ် ကျွန်မ ဒီမှာလည်းမနေချင်၊ တခြားမှာလည်း ဘယ်မှနေစရာမရှိ၊ ဘယ်သူ့ကိုမှ လှည့်ကြည့်လိုက်လို့အားကိုး စရာလည်းမရှိ..."**

မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်၏ မျက်နှာကဲကိုခတ်လျက် "နှမ ဒီမှာနေထိုင်ရတာ တယ်ပြီးစိတ်မချမ်းသာဘူးထင်တယ်" ဟု မေးလျှင်-

ခင်စိန်ကြည်သည် အားကိုးရာမဲ့ဖြစ်နေ၍ အလွန်တရာညှိုးငယ်သောမျက်နှာထားနှင့် မောင်ထွန်းမြတ်၏မျက်နှာကို မော်ကြည့်ပြီးလျှင် "ကျွန်မဖေဖေနဲ့ နေတုန်းကလိုတော့ ဘယ်မှာစိတ်ချမ်းသာနိုင်မလဲ မောင်ကြီးရယ်၊ ဒီမှာတော့ ကိုယ့်ဦးလေးအိမ်ဆိုပေမယ့် ဦးလေးကလည်း မလာသေး၊ မပြောပါရစေနဲ့ မောင်ကြီးရယ် ကျွန်မ ဒီမှာလည်းမနေချင်၊ တခြားမှာလည်း ဘယ်မှနေစရာမရှိ၊ ဘယ်သူ့ကိုမှ လှည့်ကြည့်လိုက်လို့ အားကိုးစရာလည်းမရှိ"

"မမက ဒီကနေ့မနက်တောင် ကျွန်တော့်ပြောသေးတယ်၊ ဒီအိမ်မှာ မနေဘူးတဲ့၊ သွားတော့မယ်တဲ့၊ ဘာပြုလို့တုံး ကျွန်တော်သိတယ်၊ မေမေကရိုက်လို့ မေမေကလေ"

"ဟဲ့... တိတ်တိတ်နေ မောင်သက်တင်" ဟု ခင်စိန်ကြည်ကဝင်၍ပြောသော်လည်း "မေမေက ရိုက်လို့ခင်ဗျ၊ ပါးကို နှစ်ချက်တောင်ရိုက်တယ်၊ ကျွန်တော့်ရှေ့တင်ပဲ၊ ကျွန်တော်ကတောင် မမကိုရိုက်လို့ ငိုတော့ ကျွန်တော့်တောင် မေမေက ရိုက်သေးတယ်၊ ကျွန်တော့်ကိုတော့ ကလေးမို့ ရိုက်ပါစေတော့၊ မမကိုတော့ သူကဘာပြုလို့ ရိုက်ရသလဲ"ဟု ပြောလျှင်-

ခင်စိန်ကြည်က "မောင်သက်တင် မင်းတယ်စကားများတယ်၊ သွား အပြင်သွားကစားချေ"ဟု နှင်ထုတ်လိုက်လေ၏။

မောင်ထွန်းမြတ်သည် ကလေးပြောသည်ကိုကြားလျှင် ခင်စိန်ကြည်ကို များစွာ ကရုဏာဖြစ်၍ ဝတ်လုံကတော်ကြီးကိုလည်း လွန်စွာစိတ်ဆိုးလျက် "ဟုတ်ရဲ့လား နှမရယ် ကလေးပြောတာ ဟုတ်ရဲ့လား" ဟု မေးလျှင်-

"ကျွန်မအကြောင်းပေါ့ မောင်ကြီးရယ်၊ ဦးလေးမလာခင် ဒီလိုပဲနေရဦးမှာပဲ"

"ဦးလေးလာတော့ကော"

"ဦးလေးလာတော့ မပြောတတ်သေးပါဘူး မောင်ကြီးရယ်၊ ကျွန်မ ဒေါ်ဒေါ်နဲ့တော့ အမှန်ပဲနေနိုင်ပုံမပေါ်ဘူး၊ ကျွန်မကို ဒီလိုချည်းပဲ နှိပ်စက်နေလျှင်ဖြင့် ကျွန်မ ဘယ်နေနိုင်ဖို့ရှိမလဲ မောင်ကြီးရယ်၊ တကယ်ဆိုတော့ ကျွန်မဒုက္ခတွေ သူသိရက်နဲ့ ကျွန်မကို ဒီလိုနှိပ်စက်ဖို့မကောင်းပါဘူးရှင်" ဟုပြောရင်း မျက်ရည်တို့သည် ချုပ်တည်း၍မရနိုင်ဘဲ ပါးတစ်ဖက်တစ်ချက်တို့မှ ယိုစီးလျက်ရှိကုန်၏။

မောင်ထွန်းမြတ်လည်း မိမိစိတ်ကို အနိုင်နိုင်ချုပ်တည်း၍ "မောင်ကြီးများ တတ်နိုင်တယ်ဆိုလျှင်ဖြင့် ဆောင်ရွက်ပါတယ် နှမရယ်" ဟု ကရုဏာအားကြီးသော အသံဖြင့်ပြောရာ...

"မောင်ကြီးလည်း ဘာတတ်နိုင်မလဲ မောင်ကြီးရယ်၊ ကျွန်မအကြောင်းနဲ့ ကျွန်မဖန်တီးလာတာ၊ ဘယ်သူမှတတ်နိုင်မယ် မဟုတ်ပါဘူး" ဟု အလွန်တရာအားငယ်သောလေသံဖြင့် ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏မျက်နှာကို သေချာစွာကြည့်လျက် လက်ကလေးကို အမှတ်မဲ့ယူကိုင်ပြီးလျှင်-

"မောင်ကြီး တတ်နိုင်တဲ့နည်းတစ်နည်းတော့ရှိတယ်၊ ဒီနည်းတော့ နှမ မလိုက်နာချင်ပေဘူးလား မပြောတတ်ဘူး" ဟု ပြောလျှင်-

ခင်စိန်ကြည်သည် နားမလည်သဖြင့် မောင်ထွန်းမြတ်ကိုကြည့်လျက်ပင်နေရာ၊ "မောင်ကြီးပြောလျှင် နှမစိတ်ဆိုးမလား၊ စိတ်မဆိုးနဲ့နော်၊ ကဲ... ဒါဖြင့် မန္တလေးကို ပြန်ပြီး နှမတို့အရင်နေတဲ့အိမ်ကို ပြန်နေမလား" ဟု ထပ်၍ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ဘယ်လိုနေရမှာလဲ"ဟု နားမလည်သဖြင့် ထပ်၍ မေးရာ။

"မောင်ကြီးနဲ့အတူတူပေါ့" ဟု မောင်ထွန်းမြတ်က ပြန်ပြောလေလျှင်။

ခင်စိန်ကြည်မှာ များစွာအံ့အားသင့်လျက် အသက်ကိုမျှ မရှူရှိုက်မိဘဲ ငေး၍ကြည့်နေလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## အခြေခံပညာကျောင်းများနှင့် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာပန္နက်တင်ခြင်းဆောင်ရွက်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့်ဆောက်လုပ်မည့် အခြေခံပညာကျောင်းများနှင့် စာကြည့်တိုက်အဆောက်အအုံအတွက် မြေနေရာပန္နက်တင်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၃ ရက်တွင် ကျိုက်ပိကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ထီပါလယ်သောင်တန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးအုန်းကျော်၊ မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်း၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများနှင့်ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် ကျောင်းနှင့်စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး၊ လုပ်ငန်းဆောင်ရွက်စဉ် ဘေးအန္တရာယ်ကင်းရှင်းရေးအထူးဂရုပြုဆောင်ရွက်ကြရန် တင်ဒါအောင်မြင်ထားသည့် ဇေပိုင်ဦးကုမ္ပဏီနှင့် AD ONE ကုမ္ပဏီမှ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် ကျိုက်ပိကျေးရွာရှိ ၁၆- ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်နေမှုနှင့် အဆောက်အအုံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း(သထုံ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



သထုံ ဇူလိုင် ၂၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း(သထုံ)တို့ပူးပေါင်း၍ မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗဟုသုတနှင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်သည့်အလေ့အထမြင့်မားလာစေရန် ရည်ရွယ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၂ ရက်က မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မော်က အသိပညာပေးဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေးကို အသိပညာပေးဟောပြောကာ မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ ရွှေထုံခင်သီတာလှိုင်က အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။


**ချမ်းမြေ့**

## ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေ အားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၄ နှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၈ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၁၇၇၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးဌာန၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

▶▶ အထက်ပေါင်းလောင်းမှ

အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့ဘက် (၂၆) မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တပ်ဆင်စက်အင်အား စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကိုထုတ်လုပ်လျက်ရှိပြီး မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်း ရေလှောင်ကန်အတွင်း ရေအဆမတန် ဝင်ရောက်ခဲ့ခြင်း၊ တမံ၏ ရေပိုလွှဲမှတစ်ဆင့် ရေပမာဏများပြားစွာ ရေကျော်ကျပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်း၊ တောင်ကျရေနှင့်အတူ သစ်လုံး၊ သစ်တုံးကြီးများ သဲနုန်း၊ ရွှံ့ညွန်များ များပြားစွာမျောပါလာခဲ့ခြင်း၊ စက်ရုံအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် စက်ရုံအောက်ဘက် မြစ်ကြောင်းတစ်လျှောက် ဝဲ၊ ယာ ကမ်းပါးများ ရေတိုက်စားခံခဲ့ရသဖြင့် စက်ရုံအဝင် ကွန်ကရစ်လမ်းနှင့် ဝန်ထမ်းအိမ်ရာလမ်းများ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ သဘာဝဘေးဖြစ်ပွားမှုကြောင့် မြို့ပြတည်ဆောက်မှုဆိုင်ရာလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၂၀ ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုသည်လည်း အချိန်အတိုင်းအတာတစ်ခုအထိ လျော့နည်းကျဆင်းခဲ့သည်။




ရေလွှဲဆည်များ အောက်ဘက်ရေတိုက်စားသည့်နေရာအား ပြန်လည်ပြုပြင်ခြင်း ကျောက်ဖြည့်ကွန်ကရစ်လုပ်ငန်း (၄၇၅ ကျင်း)

စက်ရုံအတွင်း ဝင်ရောက်နေသော သဲနုန်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဝဲ၊ ယာရှိ ကမ်းပါးများပြိုကျမှုကြောင့် မြစ်ကြောင်းအတွင်း ကြမ်းပြင်မြင့်တက်ခဲ့သဖြင့် သဲနုန်းများဖယ်ရှားရှင်းလင်းခြင်း၊ တောင်ပြို၊ မြေပြို၊ မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်နိုင်ရန်နှင့် စက်ရုံအဝင်လမ်းဘေးတွင် ရေတိုက်စားမှုမှကာကွယ်ရန်တို့အတွက် ကျောက်ဖြည့်သံခြင်းများ ချ၍ မြေ၊ ရေကာနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စက်၊ ယာဉ်ယန္တရားများနှင့် လူအင်အားအပြည့်ဖြင့် နေ့ရောညပါ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့ပြင် အထက်ပေါင်းလောင်း ရေလှောင်တမံအတွင်းမှ သဲနုန်းများဖယ်ရှားရှင်းလင်းရန်၊ သဲနုန်းထပ်မံဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေးအစီအမံများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# MSME ဒီဂျစ်တယ်ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်းသည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာဖြည့်ဆည်းပေးနိုင်မည့် အဓိကပေါင်းကူးတံတားတစ်ခုဖြစ်



နေပြည်တော် ဇူလိုင် ၂၃

MSME ဒီဂျစ်တယ်ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း(MSME Digital Lending Application) သည် လုပ်ငန်းရှင်များအတွက်ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်မည့် အဓိကပေါင်းကူး တံတားတစ်ခုဖြစ်လာမည်ဟု ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း ပြောကြား သည်။

ယနေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေး ခန်းမ၌ ကျင်းပသည့် MSME ဒီဂျစ်တယ် ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း (MSME Digital Lending Application) တည်ဆောက်နိုင်ရေး ညှိနှိုင်း ဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်များစွာရှိသည့်အနက် "ငွေကြေးအရင်းအနှီးများလွယ်ကူမြန်ဆန်စွာ လက်ဝယ်ရောက်ရှိရေး" သည် မရှိမဖြစ် လိုအပ်သော အသက်သွေးကြောတစ်ခုဖြစ် ကြောင်း။

ထို့ကြောင့်ခေတ်မီနည်းပညာဒီဂျစ်တယ် စနစ်အသုံးပြုပြီး စာရွက်စာတမ်းအနည်းဆုံး ဖြင့် စိစစ်နိုင်မည့် Paperless စနစ်သို့ မဖြစ် မနေ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု MSME Digital Lending Application ကို အကောင် အထည်ဖော်အသုံးပြုခြင်းဖြင့် ယခင်က ရက်သတ္တပတ်ပေါင်းများစွာ သို့မဟုတ် လပေါင်းများစွာ ကြာမြင့်ခဲ့သည့် စိစစ်မှု လုပ်ငန်းစဉ်များကို အချိန်တိုအတွင်း မိနစ်ပိုင်း သို့မဟုတ် ရက်အနည်းငယ် အတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက MSME ဒီဂျစ်တယ်ချေးငွေ အက်ပလီ ကေးရှင်း အကောင်အထည်ဖော်ရေး၊ Digital Application ၏ Scope သတ်မှတ် ခြင်း၊ အချက်အလက်ချိတ်ဆက်ဆောင်ရွက် နိုင်မှု၊ Data အချက်အလက်လုံခြုံရေး၊ နည်းပညာစံနှုန်းများနှင့် ဒေသန္တရအခန်း ကဏ္ဍပိုင်းတို့ကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ပုံငွေစီမံ ခန့်ခွဲမှုအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ် များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များ အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေး ဆိုင်ရာလုပ်ငန်းရှင်အသင်း (MDEA)နှင့် အသင်းအဖွဲ့များမှ ဘာသာရပ်ဆိုင်ရာပညာ ရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

မြဝတီ

## သဃ်န်းကျွန်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကိုယနေ့နံနက်ပိုင်းတွင်သဃ်န်းကျွန်း ခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ အလယ်တန်း (လေ့ကျင့်ရေး) ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များက ပွဲတော်ကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြခန်းများ၊ ပြိုင်ပွဲများ၊ စာပေစကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ် အရောင်းဆိုင်များကို ကြည့်ရှုအားပေးပြီး စာပေဟောပြောမည့် စာရေးဆရာမ ပေါက်ပေါက်အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုငွေပေး အပ်ကာ ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ခဲ့ ကြောင်းသိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



## နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဆရာဝန်ရာထူးနှင့် ဆရာဝန်(သွားနှင့်ခံတွင်း) စတင်ခန့်အရာထမ်းရာထူးများအတွက် စိတ်အခြေအနေနှင့်လူတွေ့နှုတ်ဖြေစစ်ဆေး




နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ကြော်ငြာ စာအမှတ်(၂/၂၀၂၆)ဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန နှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့်ဆရာဝန် ရာထူး ၁၆၀ နေရာနှင့် ဆရာဝန် (သွားနှင့် ခံတွင်း) ရာထူး ၄၂ နေရာတို့အတွက် လျှောက်ထားသူ ၁၄၂ ဦးအား စိတ်အခြေ အနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ကို ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်အထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇)၌ ဆောင်ရွက်လျက်ရှိသည်။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ စိတ်အခြေအနေစစ်ဆေးရေးအဖွဲ့များက ရေးဖြေနှင့် လူတွေ့စိတ်စစ်ဆေးနေမှု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင် ပုဂ္ဂိုလ်များက လူတွေ့စစ်ဆေးမေးမြန်း နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုရန် ရောက်ရှိနေသူများ အား နှုတ်ဆက်အားပေးစကားပြောကြား သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက် အစီအစဉ်တွင် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် ပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင် ရေး အကောင်အထည်ဖော်လျက်ရှိရာ လက်ထောက်ဆရာဝန်ရာထူးနေရာနှင့် လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း) ရာထူးနေရာတွင် ခန့်ထားရန်အတွက် ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်း ရာထူးများကို နှစ်စဉ်ကြော်ငြာခေါ်ယူ၍ စနစ်တကျရွေးချယ်ပေးနိုင်ရေး ဆောင်ရွက် လျက်ရှိပြီး ပြည်သူ့ကျန်းမာရေးကဏ္ဍ အတွက် လိုအပ်သော လူ့စွမ်းအားအရင်း အမြစ်များ မြှင့်တင်ခန့်ထားရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်ရှိသော စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေး ခြင်းလုပ်ငန်းများကိုလည်း သတ်မှတ် ထားသည့်အတိုင်း ဆက်လက်စစ်ဆေး ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။


မြဝတီ













➪ ရှေ့ဖုံးမှအဆက်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလား ပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ် ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ် များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါ ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

(မိုး/ဇလ)






➤ **ရှေ့ဖုံးမှအဆက်**

ယနေ့တွင် မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားလွှတ်ပေးခြင်းအခမ်းအနားကို အဆိုပါ ဓာတ်အားခွဲရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် မတ္တရာမြို့နယ် တောင်ပြုံး ဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံတို့မှတစ်ဆင့် ထရန်စဖော်မာ ၁၂၆ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးနေပြီး ဒေသခံပြည်သူ ၁၂၀၀၉ ဦးတို့သည် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိပြီဖြစ်ကာ မီးလင်းရန်ကျန်ရှိသည့် ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အား အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ကျောင်းသူများအား အာဟာရဖြည့်စွက်စာကျွေးမွေးနေမှု၊ ကျောင်းဧရိယာအတွင်း ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ရွှေကျင်ဂိတ်တွင် လူမျက်နှာမှတ်သားသိရှိမှုစနစ် (Face Recognition System– FRS) တပ်ဆင်ပြီးစီး၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိဂီကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ပေါက်ခေါင်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ဇူလိုင်လ ၂၂ ရက်တွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ ECG စက်ဖြင့် နှလုံးခုန်နှုန်းစစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေပေးခြင်း၊ အထွေထွေရောဂါများ စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် စနစ်တကျကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရောဂါတွေ့ရှိမှုအပေါ် ဆေးဝါးများကို တစ်လစာ အခမဲ့ပံ့ပိုးပေးကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## မိုးစပါးစိုက်ပျိုးရန် မျိုးစပါးနှင့် သွင်းအားစုပေးအပ်

မြိတ် ဇူလိုင် ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြိတ်မြို့နယ် သမဝါယမဦးစီးဌာနသည် ၂၀၂၆– ၂၀၂၇ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြိတ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ဧက ၁၀၀၀ အတွက် ငွေကျပ်သန်း ၂၅၀ နှင့်ညီမျှသော မျိုးစပါး၊ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၂၂ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ဗောတံတားလမ်းရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်မွန်မွန်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးက မျိုးစပါးသွင်းအားစုများ ပံ့ပိုးပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်မွန်မွန်နိုင်နှင့် တာဝန်ရှိသူများက မြိတ်မြို့နယ်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ၏ လယ်မြေစိုက်ဧက ၁၀၀၀၊ အသင်းသားတောင်သူ ၉၄ ဦးတို့အား ငွေကျပ်သန်း ၂၅၀ နှင့် ညီမျှသော မျိုးစပါးတင်း ၂၀၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၅၃၁ အိတ်၊ သဘာဝဓာတ်မြေဩဇာ ၁၆၈ အိတ်၊ ပုလဲဓာတ်မြေဩဇာ ၅၀၆ အိတ်တို့အား ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မိုးစပါးမျိုးစေ့ထုတ်စိုက်တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းဆင်းအသိပညာပေး

ကျွန်းလှ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ် မိုးစပါးမျိုးစေ့ထုတ်စိုက်တောင်သူများအား အထွက်နှုန်းကောင်းပြီး မျိုးကောင်းမျိုးသန့် ရရှိရန်အတွက် ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

" ဒီနှစ် မိုးရာသီမှာ မိုးစပါးကို မျိုးစေ့ထုတ်ရန်အတွက် ဧရာမင်းစပါးမျိုး ၃ ဧကစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရာမှာ ကြိုးတန်းခြောက်တန်းတစ်တန်းလှပ် စိုက်ပျိုးပြီး စိုက်နည်းစနစ်မှန်ဖို့ ကောက်ကွက်ပြည့်မီဖို့ စိုက်ပျိုးရေးပညာရှင်တွေက လက်တွေ့ပြသကြပါတယ်။ ထွက်ရှိတဲ့ စပါးမျိုးများကို ဒေသခံတောင်သူတွေ ဖြန့်ဝေသွားဖို့စီစဉ်ထားပါတယ်" ဟု ရှမ်းစုကျေးရွာတောင်သူ ဦးနိုင်က ပြောသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ဒေသရာသီဥတုနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်စပါးမျိုးများရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများကျင်းပခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကန့်ဘလူမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြ

ကန့်ဘလူ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၀)စက်မှုလယ်ယာစခန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် ပေါ်ဆန်း(ဘေးကျား)စပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု အင်ဖက်တောကျေးရွာ ကွင်းအမှတ်(၅၉၁) ဦးပိုင်အမှတ်(၆၂) တောင်သူ ဦးဟန်ဝင်းဘို၏ လယ်မြေ ၆ ဧကအတွင်း၌ ကျင်းပသည်။



အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ထွန်းက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့်ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှုစောစီးစွာရရှိခြင်း၊ အလုပ်သမားရှားပါးမှုအခက်အခဲကိုပြေလည်စေခြင်း၊ လုပ်အားသက်သာခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာကွဲပြားခြားနားမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်းနှင့် မျိုးစေ့ချကိရိယာအသုံးပြုနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် လက်တွေ့သရုပ်ပြကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အင်ဖက်တောကျေးရွာမှ ဒေသခံတောင်သူများနှင့် အနီးအနားပတ်ဝန်းကျင်ရှိ စပါးစိုက်တောင်သူများက လေ့လာကြည့်ရှုကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ထွန်းက တောင်သူများအား စပါးမျိုးစေ့ချကိရိယာတစ်လက် ပေးအပ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အိပ်ရေးပျက်ခြင်းနောက်ကွယ်မှကျန်းမာရေးပြဿနာများ

လူသားတို့သည် နေ့စဉ် ရှစ်နာရီကျော် အလုပ်လုပ်ကာ ညဘက် ခြောက်နာရီနှင့် ရှစ်နာရီကြာ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်နိုင်မှသာ နောက်နေ့များတွင် လန်းဆန်းတက်ကြွစွာ အလုပ်လုပ်နိုင်မည်ဖြစ်သည်။ အိပ်ရေးပျက်ခြင်းများလာသဖြင့် ခန္ဓာကိုယ်တွင်းတွင် မိမိမသိဘဲဖြစ်ပေါ်နေသော ပြောင်းလဲမှုများ ရှိနေသည်။ အဆိုပါပြောင်းလဲမှုများကြောင့် မိမိခန္ဓာကိုယ်ကို အသက်အန္တရာယ်ထိခိုက်စေနိုင်သည် အထိဖြစ်နိုင်သည်။

**"အိပ်ရေးပျက်များလာသည့်အခါ ဦးနှောက်က အနားမရသဖြင့် တချို့လုပ်ငန်းများ လုပ်ဆောင်ရန် မစွမ်းဆောင်နိုင်တော့ဘဲ အာရုံစူးစိုက်ခြင်းနှင့် အသစ်များ သင်ကြားရာတွင် အခက်အခဲဖြစ်ပေါ်နိုင်သည်။ ထိုအခက်အခဲသည် လတ်တလောဖြစ်ပေါ်နိုင်သကဲ့သို့ ရေရှည်လည်းဖြစ်နိုင်သည်။ ထို့ပြင် အိပ်ရေးပျက်များသူများအနေဖြင့် ဖန်တီးနိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်းလည်း ခက်ခဲနိုင်သည် . . ."**

### ဦးနှောက်လုပ်ငန်းများကျဆင်းခြင်း

အိပ်ရေးပျက်များလာသည့်အခါ ဦးနှောက်က အနားမရသဖြင့် တချို့လုပ်ငန်းများလုပ်ဆောင်ရန် မစွမ်းဆောင်နိုင်တော့ဘဲ အာရုံစူးစိုက်ခြင်းနှင့် အသစ်များ သင်ကြားရာတွင် အခက်အခဲဖြစ်ပေါ်နိုင်သည်။ ထိုအခက်အခဲသည် လတ်တလောဖြစ်ပေါ်နိုင်သကဲ့သို့ ရေရှည်လည်းဖြစ်နိုင်သည်။ ထို့ပြင် အိပ်ရေးပျက်များသူများအနေဖြင့် ဖန်တီးနိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်းလည်း ခက်ခဲနိုင်သည်။

### အလုပ်တွင်ထိခိုက်နိုင်ခြေများခြင်း

ညဘက်တွင် အိပ်ချိန်အလုံအလောက် မအိပ်ရသည့်အခါ ဦးနှောက်၏ဆုံးဖြတ်နိုင်စွမ်းကျဆင်းလာသောကြောင့် လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်နိုင်ခြေများသည်။ တချို့မှာ အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိဖြစ်နိုင်သည်။ ယာဉ်မောင်းသူများအနေဖြင့် အိပ်ရေးပျက်မှုများပြီး အိပ်ငိုက်သောကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားနိုင်သည်။

### စိတ်တိုစိတ်ဆတ်ခြင်း

အိပ်ရေးပျက်မှုများသည့်အခါ စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုမရှိသဖြင့် ပေါင်းသင်းဆက်ဆံရေးတွင်လည်း အနှောင့်အယှက်ဖြစ်စေသည်။ ညဘက် အိမ်ရေးမဝသည့်နေ့များဆိုလျှင် တစ်နေ့တာလုံး စိတ်တိုစိတ်ဆတ်နေတတ်သည်။

### စိတ်ကျန်းမာရေးထိခိုက်ခြင်း

ညဘက်တွင် အိပ်ရေးပျက်များသောကြောင့် နေ့ဘက်တွင် ငိုက်မျဉ်းနေတတ်ပြီး ထင်ယောင်ထင်မှားများဖြစ်တတ်သည်။ ထို့ပြင် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်နိုင်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေမှုမျိုးအထိလည်းဖြစ်နိုင်သည်။

### ကင်ဆာဖြစ်နိုင်ခြေများခြင်း

လေ့လာမှုများစွာအရ မကြာခဏအိပ်ရေးပျက်သူများတွင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေများသည်ကို တွေ့ရသည်။ ညဘက်တွင် အိပ်ရေးပျက်ခံအလုပ်လုပ်သူများတွင် ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားနိုင်ခြေများသည်ကိုလည်း လေ့လာမှုတွင် တွေ့ရှိရသည်။

### ခုခံစွမ်းအားလျော့နည်းခြင်း

အိပ်ရေးပျက်များသူတို့တွင် ခန္ဓာကိုယ်အတွင်း ရောဂါပိုးမွှားများ မဝင်ရောက်နိုင်ရန် ခုခံကာကွယ်ပေးနိုင်သည့် ခန္ဓာကိုယ်၏ ခုခံစွမ်းအားကို လျော့နည်းစေသည်။ ခုခံစွမ်းအားလျော့နည်းသောကြောင့် ခန္ဓာကိုယ်ထဲဝင်ရောက်လာသောပိုးမွှားများကို တိုက်ထုတ်နိုင်စွမ်းလျော့နည်း၍ ရောဂါပိုးမွှားများကူးစက်မှုကို တွေ့ကြုံရသည်။

### အဆုတ်နှင့်အသက်ရှူလမ်းကြောင်းပြဿနာများဖြစ်ပွားခြင်း

အိပ်ရေးပျက်များပြီး ခုခံစွမ်းအားကျဆင်းသည့်အခါ ဗိုင်းရပ်စ်ပိုးမွှားများခန္ဓာကိုယ်ထဲဝင်ရောက်လာသဖြင့် ဖျားနာခြင်း၊ အအေးမိခြင်း၊ တုပ်ကွေးဖြစ်ခြင်း၊ ချောင်းဆိုးခြင်းအပြင် အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေသည်။ ပညာရှင်များ၏လေ့လာချက်အရ အိပ်ရေးပျက်များသူများတွင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာနာတာရှည်ရောဂါဖြစ်ပွားမှုများစေသည်။

### မကြာခဏဆာလောင်ခြင်း

အိပ်ရေးပျက်များသည့်အခါ ဦးနှောက်ကို ဗိုက်ပြည့်တင်းကြောင်း အသိပေးသည့် ဟော်မုန်းထုတ်လုပ်မှုလျော့နည်းသွားပြီး မကြာခဏဆာလောင်မှုကို ခံစားရစေသည်။ ထို့ကြောင့် အိပ်ရေးပျက်များလာသောအခါ အစားအစာများကို မကြာခဏစားမိစေသည်။

### အိပ်ရေးပျက်များခြင်းသည် အဝလွန်ခြင်းနှင့်ဆက်စပ်လျက်ရှိ

အိပ်ရေးပျက်များသည့်အခါ အလိုလိုနေရင်း မောပန်းနေသောကြောင့် လှုပ်လှုပ်ရှားရှားမနေခြင်း၊ ဆာလောင်နေသောကြောင့် မကြာခဏအစားစားခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည်တို့ကြောင့် ဝမ်းဗိုက်အဆီများပြီး အဝလွန်ခြင်းကိုဖြစ်စေနိုင်သည်။

### ဆီးချိုသွေးချိုရောဂါ

ကြာရှည်အိပ်ရေးပျက်သူများ၏ ခန္ဓာကိုယ်တွင် အင်ဆူလင်ဟော်မုန်း၏ အာနိသင်လျော့နည်းသွားစေသည်။ ထို့ကြောင့် သွေးတွင်းသကြားဓာတ်များစေသည့် အမျိုးအစား-၂ ဆီးချိုသွေးချိုရောဂါဖြစ်ပွားနိုင်ခြေပိုများသည်။

### နှလုံးနှင့်သွေးကြောရောဂါများ

ညဘက်အိပ်စက်အနားယူသည့်အခါ နှလုံးနှင့်သွေးကြောများအတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ခန္ဓာကိုယ်ကပြုလုပ်ရသည်။ လုံလောက်သော အိပ်စက်မှုမရှိသည့်အခါ သွေးဖိအားများခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးတိုက်ခိုက်ခံရခြင်းနှင့် လေဖြတ်ခြင်းတို့ဖြစ်စေနိုင်သည်။

### အရွယ်အိုမင်းခြင်း

အိပ်ရေးပျက်များသည့်အခါ စိတ်ဖိစီးမှုများချိန်တွင် ထွက်တတ်သော ကော်တီစုန်းဟော်မုန်း ထွက်လာသည်။ အဆိုပါဟော်မုန်းက အရေပြားတင်းရင်းမှုဖြစ်စေသည့် ကော်လာဂျင်ပရိုတင်းများကို ဖြိုခွဲ၍ အရေပြားပျော့တွဲတွဲဖြစ်ခြင်း၊ အရေးအကြောင်းထင်ခြင်းများဖြစ်စေပြီး လက်ရှိအသက်ထက် အိုမင်းသယောင်ထင်ရစေနိုင်သည်။

### ဦးနှောက်နှင့်အာရုံကြောအဖွဲ့အစည်း

ဗဟိုအာရုံကြောစနစ်၏ သတင်းကွန်ရက်တစ်ခုဖြစ်သည်။ အိပ်စက်ခြင်းက ဦးနှောက်နှင့်အာရုံကြောလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရန် မရှိမဖြစ်လိုအပ်သည်။ အိပ်စက်နေစဉ်တွင် ဦးနှောက်က အနားရသော်လည်း အာရုံကြောက အလုပ်အလွန်များသည်။ နံနက်ခင်းနိုးထချိန်တွင် အိပ်ရေးဝစေရန် ဆောင်ရွက်ရသောကြောင့်ဖြစ်သည်။ ကလေးများနှင့်လူငယ်များတွင် ဦးနှောက်မှကြီးထွားဟော်မုန်းကို အိပ်ပျော်နေစဉ် ထုတ်ပေးသည်။ ထို့ပြင် ပရိုတင်းများ ထုတ်ပေးပြီး ပျက်စီးနေသည့်ဆဲလ်များကို ပြန်လည်ပြုပြင်ပေးသည်။ အိပ်ရေးပျက်များသည့်အခါ ဦးနှောက်က အနားမရသောကြောင့် ပုံမှန်တာဝန်များကို မလုပ်ဆောင်နိုင်ဘဲ အာရုံစူးစိုက်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အသစ်အသစ်များကိုမေ့ခြင်း စသည်တို့ကိုဖြစ်စေနိုင်သည်။

### ခုခံစွမ်းအားစနစ် အဖွဲ့အစည်း

အိပ်ပျော်နေစဉ်တွင် ခန္ဓာကိုယ်၏ခုခံအားစနစ်က ရောဂါပိုးမွှားများ မဝင်ရောက်စေရန် တိုက်ထုတ်ပေးသည့် ဆိုင်တိုကိုင်းများ၊ ပဋိပစ္စည်းများနှင့် ဆဲလ်များကိုထုတ်ပေးသည်။ အဆိုပါပစ္စည်းများက အိပ်ပျော်နေချိန်တွင် ခုခံစွမ်းအားစနစ်နှင့်အတူ ခန္ဓာကိုယ်တွင်း ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများမဝင်ရောက်စေရန် ကာကွယ်ပေးသည်။ အိပ်ရေးပျက်များသည့်အခါ ခန္ဓာကိုယ်၏ခုခံစွမ်းအားစနစ်က လျော့နည်းလာသည်။ လေ့လာမှုများအရ အိပ်ရေးပျက်များသူများတွင် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည့် ပိုးမွှားများကို မခုခံနိုင်သောကြောင့် ရောဂါပိုးကူးစက်လွယ်ကာ ရောဂါပျောက်ကင်းသက်သာမှုလည်းကြာရှည်တတ်သည်။

### အဆုတ်နှင့်အသက်ရှူလမ်းကြောင်းအဖွဲ့အစည်း

အိပ်ရေးပျက်များပါက ခန္ဓာကိုယ်ခုခံအားစနစ်ကို အားနည်းစေပြီး အဆုတ်နှင့်အသက်ရှူလမ်းကြောင်းအတွင်း ပိုးဝင်ရောက်သောကြောင့် အအေးမိခြင်း၊ တုပ်ကွေးဖြစ်ခြင်း စသည်တို့ခံစားရနိုင်သည်။ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါရှိသူများအနေဖြင့် အိပ်ရေးပျက်များပါက ရောဂါပို၍ဆိုးရွားစေနိုင်သည်။

### နှလုံးနှင့်သွေးကြောအဖွဲ့အစည်း

အိပ်ရေးပျက်များ၍ ကိုယ်အလေးချိန်တက်လာသည့်အခါ နှလုံးနှင့်သွေးကြောရောဂါဖြစ်ပွားနိုင်ခြေများသည်။ နှစ်ခြိုက်စွာအိပ်စက်ခြင်းက နှလုံးနှင့်သွေးကြောများကို ပြုပြင်ထိန်းသိမ်းပေးကာ အနာကျက်မြန်စေသည်။ အိပ်ရေးပျက်များပါက နှလုံးနှင့်သွေးကြောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ ဖြစ်နိုင်ခြေများစေသည်။ ဟားဗတ်တက္ကသိုလ်၏ လေ့လာမှုအရ တစ်ညတာအိပ်ရေးပျက်သော် နောက်ရက်များတွင် သွေးဖိအားမြင့်မားတတ်သည်ကို တွေ့ရှိခဲ့ကြသည်။ အိပ်ရေးပျက်ခြင်းကိုအစားထိုးရန် တစ်နေကုန် အိပ်စက်ခြင်းမပြုသင့်ပေ။

အချုပ်အားဖြင့်ဆိုရသော် အိပ်စက်ခြင်းက ကျန်းမာရေးအတွက် အစားအစာနှင့် လေ့ကျင့်ခန်းကဲ့သို့ အရေးကြီးသည်။ အိပ်ရေးပျက်ခြင်းက တစ်ရက်၊ နှစ်ရက်ခန့်သာဖြစ်ပေါ်နေလျှင် ပြန်လည်ထိန်းညှိနိုင်သော်လည်း ကြာရှည်စွာအိပ်ရေးပျက်ခြင်းဖြစ်လာပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အကယ်၍ မိမိမှာ တစ်ပတ်လျှင် သုံးရက်ခန့် အိပ်ရေးပျက်ခြင်းပြဿနာဖြစ်ပေါ်ပါက ဆရာဝန်နှင့်တိုင်ပင်စစ်ဆေးသင့်ပါကြောင်း ကျန်းမာသုတမျှဝေလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

---

# ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြော



ပခုက္ကူ ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဇူလိုင်လ ၂၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက မော်တော်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ မော်တော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ၊ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပခုက္ကူ) ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကြည်စိုးက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်းအရာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာကြသူများအား ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# သံတောင်ကြီးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



သံတောင်ကြီး ဇူလိုင် ၂၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံတောင်ကြီးမြို့နယ် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် သံတောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနိုင်ရေးအတွက် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများက လိုအပ်သောအချက်အလက်များ စိစစ်ကောက်ယူ၍ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်က သွားရောက်ကြည့်ရှုအားပေးပြီး အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခဲ့ကြောင်းသိရသည်။ **နော်လော်မူ**

# နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဇူလိုင် ၂၃

ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အရည်အသွေးပြည့်ဝသောသီးနှံများထွက်ရှိရေးရည်ရွယ်၍ စိုက်ပျိုးရေးနှင့် တောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင်နှမ်း ၅၇၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လပထမပတ်ကစပြီး စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ ဒသမ ၆၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေအားလုံး လက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်၊ နွေနှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီဖူလုံစေဖို့နဲ့ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေတိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့အညီစိုက်ပျိုးဖို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပင်းတယမြို့နယ်၌ အလွတ်တန်းအမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တောင်ကြီး ဇူလိုင် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မ အားကစားကွင်း၌ ၂၀၂၆ ခုနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ဇူလိုင်လ ၂၂ ရက် ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ အမှာစကားများပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်ဘောလုံးအသင်းသားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကသရုပ်ဖော်ကပြကြရာ ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌမှဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုကျင်းပပြီး အုပ်စု(ခ)ပထမပွဲစဉ်အဖြစ် မြို့မဇုန်(ပင်းတယ)ဘောလုံးအသင်းနှင့် ညောင်ကောက်ဇုန်(ပင်းတယ) ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပွဲကျင်းပရာ မြို့မဇုန်(ပင်းတယ) ဘောလုံးအသင်းက ညောင်ကောက်ဇုန်(ပင်းတယ) ဘောလုံးအသင်းအား တစ်ဂိုး-ဂိုးမရှိရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကြီး၌ ပင်းတယနှင့်ရွာငံမြို့နယ်မှ မြို့မဇုန်နှင့်ကျေးရွာအုပ်စု(၁၆)စု ပါဝင်ကြပြီး ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ (၄၀၅)

## ထူးမြတ်ကုသိုလ် လဝါဆို

- ❖ ပုဂံခေတ်ဦး၊ ခေါ်ထူးမြွယ်တာ
  မယ်တာမည်ပြောင်း၊ ခေတ်နှောင်းနွေတာ
  မိုးမြေလယ်ယာ၊ တိုင်းတာကာလ။
  မြကောက်ပင်ပျို ရွှန်းနုစို
  ဝါဆိုမိုးလ လှသည်နှင့်လေး။
- ❖ သင်းထုံဖွေးလွ၊ ပွင့်ကြလှိုင်လှိုင်
  ပုန်းညက်မြတ်လေး၊ ပျံ့မွှေးကြိုင်ကြိုင်
  မိုးမင်းဖြိုင်ဖြိုင်၊ သည်းနိုင်သွန်းစွမ်း။
  လေမိုးအစဉ် နှစ်ပွင့်ယှဉ်
  ရှစ်ခွင်နတ်စည်လွှမ်းသည်နှင့်လေး။
- ❖ ဗုဒ္ဓရဟန်း၊ သင်္ခမ်းကျောင်းခို
  ဝါဆိုသင်္ကန်း၊ လှူဒါန်းကပ်ကြည်ညို
  ဓမ္မသံချို၊ ကုသိုလ်ပြန့်ပွား။
  ပဋ္ဌင်းတော်ခံ ရှင်ပြုပြန်
  ရည်သန်အလှူပွဲများသည်နှင့်လေး။
- ❖ ဝဂ္ဂီငါးပါး၊ တရားကြားနာ
  ဗုဒ္ဓဟောလတ်၊ ထူးမြတ်ဓမ္မစကြာ
  ရှုမှတ်ဒေသနာ၊ ဖြပ်မွှာလူနတ်။
  တရားနတ်စည် ရွှမ်းရွှေပြည်
  ရောင်ခြည်အလင်းဓာတ်ဟပ်သည်နှင့်လေး။
- ❖ နေ့ထူးနေ့မြတ်၊ လူ့ရပ်သာယာ
  သန္ဓေတောထွက်၊ ဓမ္မစက်ပြာဋိဟာ
  များဝေနေယျာ၊ ကြည်သာမပျက်။
  သင်္ကန်းပန်းလှူ သီလယူ
  စင်ဖြူကောင်းမှုဆက်သည်နှင့်လေး။
- ❖ နိဗ္ဗာန်ရည်လျက်၊ ဟောမြွက်ဝါဆို
  အလှူဒါန၊ ပြုကြများလူဗိုလ်
  ကြေးစည်သံချို၊ ကုသိုလ်တောက်ကြွား။
  ဝါလချိန်ခါ ကောင်းကျိုးဖြာ
  သဒ္ဓါကြည်ညိုပွားသည်နှင့်လေး။
- ❖ သုံးပါးလောက ထွတ်ဗုဒ္ဓ
  လမ်းပြနိဗ္ဗာန်တိုင်တော့သည်။
- ❖ ထူးခြားဟောပြ ဝါဆိုလ
  မှန်းဆဗိမာန်ခိုင်တော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

မီးဘေးအန္တရာယ်လျှော့ချဖို့
သတိနှင့်နေထိုင်စို့

○ **ရှေ့ဖုံးမှအဆက်**

အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ထုတ်ပြန်ချက် နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မူကြမ်းချပြအသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ်ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏တူညီဆန္ဒ (ASEAN Consensus) ဖြင့် ထုတ်ပြန်ခဲ့ခြင်းမဟုတ်ပါ။ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အထက်ပါထုတ်ပြန်ချက် (၅) ရပ်တို့နှင့်ပတ်သက်၍ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သမျှပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် အပြန်အလှန်ဆက်နွှယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ရွေးကောက်ပွဲများအား အောင်မြင်စွာကျင်းပပြီးစီးပြီးနောက် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ "အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီးအဆိုတစ်ရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကိုအခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံကဦးဆောင်သော၊ မြန်မာ့ကိုယ်ပိုင်နည်းလမ်း (Myanmar–owned and Myanmar–led approach) ဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ်အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်းဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သည့်ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန်တာဝန်ရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်၍ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အာဆီယံနှင့် အပြုသဘောဆောင်၍ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်မှုများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အာဆီယံ၏ အခြေခံမူများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလေးစားရေး၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး စသည့်အချက်များကို လေးစားလိုက်နာသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံနှင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း




မကွေး ဇူလိုင် ၂၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဇော်မိုးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဇော်မိုးသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယမန်နေ့ညနေပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအားကစားကွင်း၌ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ရေနံမြေ သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်း ဖိတ်ခေါ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ပွဲစဉ်အဖြစ် PYU FC (ပြည်မြို့) အသင်းနှင့် MMK Sport FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံတိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး
ကော်မရှင်

## (၂၃-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၇ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၆၉၂,၅၄၇.၅၄ | ၂၁,၇၈၄,၃၈၈.၅၉ | ၁၃,၉၂၁,၇၂၁.၃၆ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေသြဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စာရေးကိရိယာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၂.၇၂ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား ယနေ့မွန်းလွဲပိုင်းတွင်ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိအစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။

ဦးစွာ တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက ဆောင်ရွက်နေသည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါ ကော်မတီများတွင် တောင်သူလယ်သမားရေးရာကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများအနေဖြင့် မိမိတို့၏အခက်အခဲ၊ ဆောင်ရွက်လိုသည့် ကိစ္စရပ်များအား လွှတ်တော်မှဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီများဖြင့် ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တောင်းဆိုသူပြည်သူများနှင့် ဆောင်ရွက်ပေးရမည့် အစိုးရအကြား ပေါင်းကူးပေးရသည့်နေရာဖြစ်ပါကြောင်း၊ မိမိတို့၏အခက်အခဲများကို တင်ပြဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်က အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့လွှတ်တော်အား လာရောက်လေ့လာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုန်းဖေစာမူဆုရရှိသည့်စာအုပ်များအား လွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

မြဝတီ

# မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၃

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Jaime Nadal Roig အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ဖက်သဘောတူထားသည့် စီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးဆောင်ရွက်နိုင်ရေးဆွေးနွေးသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပြည်ထောင်စုအစီရင်ခံစာ၊ တိုင်းဒေသကြီးလေးခု၏ အစီရင်ခံစာများ ထုတ်ပြန်ပြီးစီးမှုနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ် အစီရင်ခံစာများထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်များအပေါ်အခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်နေမှု၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာဆက်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အင်းတကော်)၌ကျောင်းပသည့် ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID များ ပေးအပ်သည်။

ထို့နောက် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာရှိ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသထွက်နာနတ်သီးများအား ဖျော်ရည်နှင့်ယိုမျိုးစုံ ထုတ်လုပ်ရောင်းချနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထုံးကြီးကျေးရွာအုပ်စု၌ တစ်ရက်လျှင် ကြက်ဥအလုံးရေ ၁၃၅၀၀၀ ခန့် ရန်ကုန်သို့ နေ့စဉ်တင်ပို့ပေးနေရသည့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ဇင်မိုးခိုင်၏ ဥစားကြက်ကောင်ရေ ၁၉၁၀၀၀ နှင့် အသားတိုးဝက်ကောင်ရေ ၄၂၀၀ ကို အဆင့်မြင့်အအေးခန်းစနစ်ဖြင့် မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကဝမြို့ တံတားကြီးရပ်ကွက်ရှိ ဦးဇော်ရဲနောင်၏ ACP အထည်ချုပ်စက်ရုံ၊ ကဝမြို့နယ်အတွင်း မိုးစပါးပျိုးထောင်ထားရှိမှုနှင့် ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည့် အင်ဂျင်ပါ လက်ဆွဲကောက်စိုက်စက်ဖြင့် စုပေါင်းမိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကဝမြို့ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနေမှုကိုကြည့်ရှုပြီး ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကဝမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ MSMEs လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဥသျှာတိုင်းသား

**၂၃-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးမည့် Work Plan ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၃

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီး ဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသမီးရေးရာဝန်ကြီး ဌာနနှင့် UNFPA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးမည့် Work Plan ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနတွင် Help Line ထားရှိနိုင်ရေး၊ အကြမ်းဖက်ခံရသူ အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ(One Stop Women Support Center–OSWSC)တွင် ဝန်ဆောင်မှုများ ပံ့ပိုးပေးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနှင့် UNFPA မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပ




နေပြည်တော် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယမန်နေ့နံနက်ပိုင်းက Jiegao International Jade & Jewellery Trade Center ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo တို့တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Wang Yubo က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသောကျောက်စိမ်းအရိုင်းတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို Jiegao International Jade & Jewellery Trade Center ၌ ဇူလိုင်လ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Jincheng Dihai ဟိုတယ်၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ကျောက်မျက်ပြပွဲ ကျင်းပရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးကြကြောင်း သတင်းရရှိသည်။

မြဝတီ

## နေပြည်တော်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့်ပြီ

နေပြည်တော် ဇူလိုင် ၂၃

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် လာရောက်ပြီး ဝန်ဆောင်မှုရယူမည့် သက်ကြီးပုဂ္ဂိုလ်များကို အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် မိမိ၏အသိပညာများ ပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများဆောင်ရွက်နိုင်မှု စသည့်ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးသွားရန်၊ ဝန်ဆောင်မှုပေးမည့်ဝန်ထမ်းများအနေဖြင့် စေတနာ၊ ဝါသနာနှင့် ကရုဏာတို့ဖြင့် သက်ကြီးပုဂ္ဂိုလ်များကို မိမိတို့၏ မိဘတိုးဘွားများကဲ့သို့ နွေးထွေးစွာပြုစုစောင့်ရှောက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော် ကလေးပြုစုစောင့်ရှောက်ရေးဌာန၌ကျင်းပသည့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (နေပြည်တော်) ဖွင့်ပွဲတွင် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တို့က ဂေဟာကို ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတက်ရောက်သည့် ဒုတိယဝန်ကြီးများ၊



မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ သက်ကြီးပုဂ္ဂိုလ်များ၏လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စံနမူနာပြအဖြစ် ပထမဆုံးဖွင့်လှစ်ခဲ့ပြီး ယနေ့နေပြည်တော်၌ ဖွင့်လှစ်သည့် ဂေဟာသည် ဒုတိယမြောက်ဖွင့်လှစ်နိုင်ခဲ့သည့် ဂေဟာဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNFPA အကြား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သော ကျားမတန်းတူညီမျှရေးနှင့်အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေး (Gender Equality and Women's Empowerment – GEWE) လုပ်ငန်းအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

➥ ကျောဖုံးမှအဆက်

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့အားကစားအောင်နိုင်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ လူငယ်မျိုးဆက်သစ် တိုက်ကွမ်ဒိုအားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုက်ကွမ်ဒိုအားကစားနည်းကိုပြည်သူများစိတ်ဝင်စားမှုရှိလာစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုက်ကွမ်ဒိုအားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေးနှင့် တိုက်ကွမ်ဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အတွက် ရည်ရွယ်ကျင်းပသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း အတိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ သုံးယောက်တွဲအသင်းလိုက် ကကွက်ပြိုင်ပွဲများနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ ကကွက်ပြိုင်ပွဲတို့အား ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်း အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း၊ အုပ်ချုပ်/နည်းပြ၊ အားကစားသမား စုစုပေါင်း ၂၉၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင်လ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုပ်ချုပ်/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဝန်းရံခဲ

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးဒသမနေ့သို့ ပြည်သူများတက်ရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်မှ လေ့လာသူ ၃၁၈ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၁၀ နာရီ ၃၆ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၀ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# စနစ်ကျသော အမှိုက်ခွဲခြားစွန့်ပစ်မှု၏ အကျိုးကျေးဇူးများ

မောင်စည်ဖင်(နေပြည်တော်)

ယနေ့ခေတ် ကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေတိုးပွားလာမှု၊ မြို့ပြပြောင်းရွှေ့နေထိုင်မှု မြင့်မားလာမှုနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် နေ့စဉ်ထွက်ရှိလာသည့် အစိုင်အခဲစွန့်ပစ်အမှိုက်ပမာဏသည် စိုးရိမ်ဖွယ်ရာကောင်းလောက်အောင် မြင့်မားလျက်ရှိသည်။ အဆိုပါအမှိုက်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းမရှိပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပြည်သူ့ကျန်းမာရေးထိခိုက်မှုနှင့် မြို့ပြရေရှည်တည်တံ့ရေးစိန်ခေါ်မှုများကို ကြီးမားစွာရင်ဆိုင်ရမည်ဖြစ်သည်။ ၂၁ ရာစု၏ အကြီးမားဆုံးသော မြို့ပြစိန်ခေါ်မှုများအနက် အမှိုက်စီမံခန့်ခွဲမှုပြဿနာသည် ထိပ်ဆုံးမှ ပါဝင်နေသည်။ ကမ္ဘာ့ဘဏ် (World Bank) ၏ လေ့လာဆန်းစစ်ချက် အစီရင်ခံစာများအရ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်အစိုင်အခဲစွန့်ပစ်အမှိုက် တန်ချိန် ၂ ဒသမ ၀၁ ဘီလီယံကျော် ထွက်ရှိနေပြီး လက်ရှိအတိုင်း ဆက်လက်သွားနေပါက လာမည့် ၂၀၅၀ ပြည့်နှစ်တွင် အမှိုက်ပမာဏသည် ၃ ဒသမ ၄၀ ဘီလီယံအထိ ၇၀ ရာခိုင်နှုန်းခန့် တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ အဆိုပါ အမှိုက်များအနက် အနည်းဆုံး ၃၃ ရာခိုင်နှုန်းခန့်သည် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသည့် နည်းလမ်းများဖြင့် ပွင့်လင်းမြေပြင်များ၌ စည်းကမ်းမဲ့စွန့်ပစ်ခြင်း သို့မဟုတ် မီးရှို့ခြင်းခံနေရသည်။

အမှိုက်ပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) အထူးသဖြင့် ပန်းတိုင်အမှတ် ၁၁ (Sustainable Cities and Communities) နှင့် ပန်းတိုင်အမှတ် ၁၂ (Responsible Consumption and Production) တို့တွင် အမှိုက်စီမံခန့်ခွဲမှုကို အလေးပေးဖော်ပြထားသည်။ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ခုလုံး၏ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအဆင့်မှာ အမှိုက်များကို အစို၊ အခြောက်၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းနှင့် အန္တရာယ်ရှိသောပစ္စည်းဟူ၍ အရင်းအမြစ်ကတည်းက သီးသန့်ခွဲခြားစွန့်ပစ်ခြင်း (Waste Segregation at Source) ဖြစ်သည်။ ဤစာတမ်းသည် ၎င်းလုပ်ငန်းစဉ်၏ အကျိုးကျေးဇူးများနှင့် အနာဂတ်အခွင့်အလမ်းများကို အသေးစိတ်ဆန်းစစ်ထားသည်။

**အမှိုက်ခွဲခြားစွန့်ပစ်မှု၏ အကျိုးကျေးဇူးများ**

အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းသည် သာမန်အားဖြင့် ရိုးရှင်းသည်ဟု ထင်ရသော်လည်း ၎င်း၏အကျိုးသက်ရောက်မှုသည် နိုင်ငံတော်အဆင့်နှင့် ကမ္ဘာ့အဆင့်အထိ ကြီးမားသော ဂေဟစနစ်နှင့် လူမှုစီးပွားအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေသည်။ ၎င်းတို့ကို အဓိကကဏ္ဍကြီးသုံးခုဖြင့်ခွဲခြားလေ့လာနိုင်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ**

ပထမဦးစွာ မြေနေရာအသုံးပြုမှုကို ထိရောက်စွာလျှော့ချနိုင်သည်။ အမှိုက်များကို မခွဲခြားဘဲ ရောနှောစွန့်ပစ်ပါက မြေဖို့အမှိုက်ကျင်းများသည် လျင်မြန်စွာ ပြည့်လျှံလာပြီး မြေနေရာအသစ်များ ထပ်မံရှာဖွေရန် ခက်ခဲလာစေသည်။ အမှိုက်ကို စနစ်တကျခွဲထုတ်ပါက ပြန်လည်အသုံးပြုနိုင်သော အမှိုက်နှင့် ဆွေးမြည့်နိုင်သောအမှိုက်များသည် သီးသန့်ကဏ္ဍများသို့ ရောက်ရှိသွားသဖြင့် မြေဖို့ရမည့် အမှိုက်ပမာဏကို ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။

ဒုတိယအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုကို သိသာစွာလျှော့ချနိုင်သည်။ အစားအစာ အကြွင်းအကျန်နှင့် အော်ဂဲနစ်အမှိုက်များသည် အမှိုက်ပုံများ၌ လေလုံအခြေအနေဖြင့် ပုပ်သိုးသွားသောအခါ ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆ ၂၀ ကျော် ပိုမိုပြင်းထန်သော မီသိန်း (Methane – $CH_4$) ဓာတ်ငွေ့ကို ထွက်ပေါ်စေသည်။ အကယ်၍ အစိုမှိုက်များကို သီးသန့်ခွဲခြားပြီး သဘာဝမြေဆွေးလုပ်ငန်းများ၌ အသုံးပြုပါက မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို လုံးဝတားဆီးနိုင်မည်ဖြစ်သည်။

တတိယအနေဖြင့် ရေနှင့် မြေဆီလွှာညစ်ညမ်းမှုကို ကာကွယ်နိုင်သည်။ အီလက်ထရောနစ်အမှိုက်များ (E-waste)၊ ဘက်ထရီအဟောင်းများနှင့် ဓာတုဗေဒပစ္စည်းများကို မခွဲခြားဘဲပစ်ပါက ၎င်းတို့မှ ထွက်ရှိသော အဆိပ်သင့်ဓာတုရည်များ (Leachate) သည် မြေအောက်ရေကြောအတွင်းသို့ စိမ့်ဝင်ပြီး မြေဆီလွှာနှင့် သောက်သုံးရေကို ရေရှည်ပျက်စီးစေသည်။ စနစ်တကျခွဲခြားခြင်းက ဤအန္တရာယ်မှ လုံးဝကင်းဝေးစေသည်။

**ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ**

အမှိုက်များကို ရောနှောထားခြင်းဖြင့် အနံ့ဆိုးများထွက်ခြင်း၊ ယင်ကောင်၊ ခြင်၊ ကြွက်နှင့် ပိုးမွှားများပေါက်ပွားရာ အဓိကအသိုက်အမြုံဖြစ်လာပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ကာလဝမ်းရောဂါ စသည့် ကူးစက်ရောဂါများကို ပြည်သူလူထုအတွင်း ပြန့်ပွားစေသည်။ အမှိုက်ကို နေ့စဉ်ခွဲခြားစွန့်ပစ်ခြင်းအားဖြင့် ရောဂါပိုးမွှားများပေါက်ပွားမှုကို အစောပိုင်းကတည်းက ဖြတ်တောက်နိုင်သည်။ ထို့ပြင် မြို့ပြအမှိုက်ပုံကြီးများတွင် အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းကြောင့် ထွက်ပေါ်လာသော အဆိပ်သင့်အခိုးအငွေ့များ (ဥပမာ – Dioxins နှင့် Furans) သည် အနီးအနားရှိ ပြည်သူများတွင် ရေရှည်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်နှင့် ကင်ဆာရောဂါများအထိ ဖြစ်ပွားစေသည်။ အမှိုက်ခွဲခြားမှုစနစ်အားကောင်းပါက အမှိုက်မီးရှို့ရမှု လျော့နည်းသွားသဖြင့် လေထုအရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ အထူးသဖြင့် ရှေ့တန်းမှ လုပ်ကိုင်နေရသော အမှိုက်သိမ်းအလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလွန်အရေးကြီးသည်။ ဆေးထိုးအပ်များ၊ မှန်ကွဲများနှင့် ထက်မြက်သော အရာဝတ္ထုများကို သီးသန့်ခွဲခြားပေးခြင်းဖြင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အသည်းရောင်အသားဝါကဲ့သို့သော သွေးမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများဘေးမှ ကာကွယ်ပေးရာရောက်သည်။

**စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ**

ဘဏ္ဍာရေးရှုထောင့်မှ ကြည့်လျှင် မြို့ပြစည်ပင်သာယာရေးအဖွဲ့များ၏ အမှိုက်သယ်ယူပို့ဆောင်ခနှင့်မြေဖို့ခြင်းဆိုင်ရာလုပ်ငန်းလည်ပတ်မှုစရိတ်များကို များစွာသက်သာစေသည်။ အမှိုက်ပမာဏနည်းပါးသွားခြင်းကြောင့် အမှိုက်သိမ်းယာဉ်များ မောင်းနှင်ရမှုနှင့် လောင်စာဆီသုံးစွဲရမှုများ လျော့ကျသွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သန့်စင်သော ပြန်လည်အသုံးပြုနိုင်သည့် ကုန်ကြမ်းများကို ရရှိစေသည်။ အမှိုက်များကို မခွဲခြားဘဲရောပစ်ပါက ကတ်ထူစက္ကူ သို့မဟုတ် ပလတ်စတစ်များသည် အစိုမှိုက်များနှင့်ပေပွပြီး အရည်အသွေးပျက်စီးကာ Recycle လုပ်ရန် မဖြစ်နိုင်တော့ပေ။ သီးသန့်ခွဲထားခြင်းဖြင့် စက်ရုံများအတွက် အရည်အသွေးမြင့် တန်ဖိုးနည်း ဒုတိယအကြိမ်သုံး ကုန်ကြမ်းများကို အလွယ်တကူ ထောက်ပံ့ပေးနိုင်ကာ သဘာဝသယံဇာတ တူးဖော်ရမှုကို လျှော့ချနိုင်သည်။ ခေတ်သစ်မြို့ပြစီမံခန့်ခွဲမှု၌ အမှိုက်ကိုဖယ်ရှားပစ်ရမည့် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် မရှုမြင်တော့ဘဲ စီးပွားရေးအခွင့်အလမ်းသစ်များဖန်တီးပေးနိုင်သည့် ရွှေအိုး(Resource)တစ်ခုအဖြစ် ပြောင်းလဲရှုမြင်လာကြသည်။

**စက်ဝိုင်းပုံစီးပွားရေးစနစ် (Circular Economy) အကောင်အထည်ဖော်နိုင်ခြင်း**

ရိုးရာစီးပွားရေးပုံစံဖြစ်သော “ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်” စနစ်သည် ကမ္ဘာ့သယံဇာတများကို ကုန်ခန်းစေသည်။ အမှိုက်ခွဲခြားစွန့်ပစ်မှုသည် အရင်းအမြစ်များကို သံသရာလည်စေသည့် “စက်ဝိုင်းပုံစီးပွားရေးစနစ်” (Circular Economy) သို့ ကူးပြောင်းရာတွင် မရှိမဖြစ်လိုအပ်သော ပထမတံခါးပေါက်ဖြစ်သည်။ ဥပမာအားဖြင့် ဆွေးမြည့်နိုင်သော အော်ဂဲနစ်အမှိုက်များမှ အဆင့်မြင့်သဘာဝမြေဆွေးများထုတ်လုပ်ပြီး စိုက်ပျိုးရေးကဏ္ဍသို့ ပြန်လည်ရောင်းချနိုင်သည်။ ထို့ပြင် စားကြွင်းစားကျန်များမှတစ်ဆင့် ဇီဝဓာတ်ငွေ့ (Biogas) ထုတ်လုပ်ကာ မြို့ပြလျှပ်စစ်မီးပေးဝေခြင်းနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် လောင်စာအဖြစ် ပြန်လည်အသုံးပြုသည့် "Waste to Energy" အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။

**အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခြင်း**

အမှိုက်များကို မြေဖို့ကျင်းထဲသို့ သွားရောက်ပစ်ခြင်းထက် ၎င်းတို့ကို ခွဲခြား၊ စုဆောင်း၊ ပြုပြင်မွမ်းမံပြီး ပြန်လည်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်သည် လူသားအရင်းအမြစ်နှင့် အလုပ်သမား ပိုမိုလိုအပ်သည်။ သုတေသနပြုချက်များအရ အမှိုက်တန်ချိန် ၁၀၀၀၀ ကို မြေဖို့ပါက အလုပ်အကိုင်တစ်ခုသာ ဖန်တီးနိုင်သော်လည်း ၎င်းကို Recycle လုပ်ပါက အလုပ်အကိုင်ခြောက်ခုမှ ၁၀ ခုအထိ ဖန်တီးပေးနိုင်ကြောင်းသိရသည်။ ၎င်းသည် အခြေခံလူတန်းစားများအတွက် အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေရရှိစေသည့် အလုပ်အကိုင်ကဏ္ဍကို တိုးတက်စေသည်။

**နည်းပညာနှင့် စွန့်ဦးတီထွင်မှု**

စနစ်ကျသော အမှိုက်စီမံခန့်ခွဲမှုသည် နည်းပညာကဏ္ဍအတွက် အခွင့်အလမ်းသစ်များ ပွင့်လာစေသည်။ ဥပမာ – IoT (Internet of Things) အာရုံခံကိရိယာများ တပ်ဆင်ထားသည့် Smart Bins များ၊ AI (Artificial Intelligence) အသုံးပြု၍ အမှိုက်ကို အလိုအလျောက်ခွဲခြားပေးသည့် စက်ရုပ်စနစ်များ၊ ပြည်သူများက အမှိုက်အခြောက်များကို လာရောက်ရောင်းချနိုင်သည့် မိုဘိုင်းအက်ပလီကေးရှင်း (Digital Waste Platforms) များ တီထွင်လာနိုင်ပြီး စွန့်ဦးတီထွင်လုပ်ငန်းငယ် (Startups) များစွာ ပေါ်ပေါက်လာနိုင်သည်။

**နိုင်ငံတကာ လက်တွေ့လေ့လာမှုများ**

အမှိုက်ခွဲခြားစွန့်ပစ်မှုကို ထိရောက်သော မူဝါဒနှင့် ပြည်သူလူထုအင်အားဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သော ကမ္ဘာ့စံပြမြို့ကြီးသုံးမြို့၏ အတွေ့အကြုံများကို အောက်ပါအတိုင်းလေ့လာနိုင်သည်။

| မြို့/နိုင်ငံ (City/Country) | အဓိက မဟာဗျူဟာ (Key Strategy) | ရရှိခဲ့သော ရလဒ် (Key Outcome) |
|---|---|---|
| Kamikatsu, Japan | အမှိုက်ကို ၄၅ မျိုးအထိ အိမ်၌ပင် အသေးစိတ်ခွဲခြားခြင်း၊ အမှိုက်ကားမသုံးဘဲ ကိုယ်တိုင်လာပို့ခြင်း။ | အမှိုက်၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြန်လည်အသုံးပြုနိုင်ခဲ့ပြီးမီးရှို့/မြေဖို့မှု လုံးဝမရှိသလောက် ဖြစ်သွားခြင်း။ |
| South Korea | Volume-based Waste Fee (VBWF) နှင့် RFID စမတ်အမှိုက်ပုံး စနစ် ကျင့်သုံးခြင်း။ | စားကြွင်းစားကျန် ပြန်လည်အသုံးပြုနိုင်မှုနှုန်း ၂ ရာခိုင်နှုန်း မှ ၉၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာခြင်း။ |
| Indore, India | ၁၀၀ ရာခိုင်နှုန်း အိမ်တိုင်ရာ ရောက် အစို/အခြောက် သီးသန့်ခွဲသိမ်းခြင်းနှင့် တင်းကျပ်သောမူဝါဒ။ | အိန္ဒိယ၏ အသန့်ရှင်းဆုံးမြို့အဖြစ် ၇ နှစ်ဆက်တိုက်ရွေးချယ်ခံရပြီး အစိုမှိုက်မှ Bio-CNG ထုတ်လုပ်ခြင်း။ |

**Kamikatsu မြို့ ဂျပန်နိုင်ငံ (Zero Waste Town)**

ဂျပန်နိုင်ငံ Shikoku ကျွန်းပေါ်ရှိ လူဦးရေ၁၅၀၀ ခန့်သာရှိသော Kamikatsu မြို့လေးသည် ၁၉၉၀ ပြည့်လွန်နှစ်များက အမှိုက်များကို မီးရှို့စနစ်ဖြင့်သာ ဖျက်ဆီးခဲ့သည်။ သို့သော်လည်း လေထုညစ်ညမ်းမှုနှင့် ဘတ်ဂျက်အခက်အခဲများကြောင့် ၂၀၀၃ ခုနှစ်၌ "Zero Waste Declaration"ကို စတင်ကြေညာခဲ့သည်။ ၎င်းတို့သည်

**စာမျက်နှာ ၁၄ သို့ ◆**

> ➥ **အမှိုက်များကို အရင်းအမြစ်ကတည်းက ခွဲခြားစွန့်ပစ်ခြင်းသည် ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံရသည့် နည်းပညာကြီးများထက် ပိုမိုထိရောက်ပြီး ရေရှည်တည်တံ့သော ဗျူဟာမြောက် မြို့ပြစီမံခန့်ခွဲမှုစနစ်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေးရုံသာမက ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးပြီး စက်ဝိုင်းပုံစီးပွားရေးစနစ်မှတစ်ဆင့် နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍကိုပါ များစွာအထောက်အကူပြု...**

◆ **စာမျက်နှာ ၁၃ မှအဆက်**

အမှိုက်သိမ်းကားများ အသုံးပြုခြင်းကို ရပ်ဆိုင်းခဲ့ပြီး ပြည်သူများကိုယ်တိုင် အမှိုက်များကို အိမ်၌ပင် အမျိုးအစား ပေါင်း ၄၅ မျိုး (ဥပမာ - အလူမီနီယံဘူး၊ သံဘူး၊ ပလတ်စတစ်ဦးထုပ်၊ ကတ်ထူ စက္ကူ စသည်) အထိ အသေးစိတ်ခွဲခြား စေခဲ့သည်။ ပြည်သူများသည် မိမိတို့ ခွဲထားသောအမှိုက်များကို မြို့တွင်းရှိ ဗဟိုအမှိုက်စုဆောင်းရေး စင်တာသို့ ကိုယ်တိုင်လာရောက်ပို့ဆောင်ကြရသည်။ ဆွေးမြည့်နိုင်သော အစိုမှိုက်များကိုမူ အိမ်တိုင်းတွင် လျှပ်စစ်မြေဆွေးစက် များဖြင့် သဘာဝမြေဆွေးအဖြစ် ပြောင်းလဲကြသည်။ ရလဒ်အနေဖြင့် မြို့မှထွက်သော အမှိုက်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြန်လည်အသုံးပြု နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ မြို့ပြစီမံ ခန့်ခွဲသူများ လာရောက်လေ့လာရသည့် စံပြ Zero Waste မြို့ကလေးဖြစ်လာခဲ့ သည်။



ဂျပန်နိုင်ငံ Kamikatsu မြို့တွင် ပြည်သူများကိုယ်တိုင် အမှိုက်များကို အိမ်၌ပင် အမျိုးအစားပေါင်း ၄၅ မျိုး ခွဲခြားစွန့်ပစ်စေမှုပုံ။

**တောင်ကိုရီးယားနိုင်ငံ၏ စားကြွင်းစားကျန် တော်လှန်ရေး**

၁၉၉၅ ခုနှစ် မတိုင်မီအထိ တောင်ကိုရီး ယားနိုင်ငံသည် အစားအစာအကြွင်း အကျန်ပြဿနာကို ဆိုးရွားစွာရင်ဆိုင် ခဲ့ရပြီး စားကြွင်းစားကျန်ပြန်လည်အသုံး ပြုနိုင်မှုမှာ ၂ ရာခိုင်နှုန်းမျှသာရှိခဲ့သည်။ ထို့ကြောင့် အစိုးရသည် စားကြွင်းစားကျန် များကို သာမန်အမှိုက်များနှင့်ရောနှော၍ မြေဖို့ခြင်းကို ဥပဒေဖြင့်ပိတ်ပင်ခဲ့ပြီး Volume-based Waste Fee (VBWF) စနစ်ကို စတင်ခဲ့သည်။ ပြည်သူများသည် မိမိတို့ စွန့်ပစ်မည့် အစိုမှိုက်အလေးချိန်အလိုက် အထူးအမှိုက်အိတ်များကို ဝယ်ယူရ သို့မဟုတ် အခွန်ပေးဆောင်ရသည်။ နောက်ပိုင်းတွင် ပိုမိုခေတ်မီသော RFID (Radio Frequency Identification) စမတ်အမှိုက်ပုံးများကို မြို့ပြတိုက်ခန်း များ၌ တပ်ဆင်ခဲ့သည်။ ပြည်သူများက အမှိုက်ပစ်ရန် ကတ်ကို Scan ဖတ်သော အခါ စက်က အမှိုက်အလေးချိန်ကို အလို အလျောက်တိုင်းတာပြီး သက်ဆိုင်ရာ အိမ်ထောင်စု၏ ဘဏ်ကတ်မှ အမှိုက်ခကို ဖြတ်တောက်သည်။ ဤစနစ်ကြောင့် ပြည်သူများသည် အမှိုက်ပစ်ခသက်သာ စေရန် အစားအစာများကို လျှော့ချချက် ပြုတ်ကြပြီး အစိုဓာတ်ကိုညှစ်ထုတ်ပြီးမှ စွန့်ပစ်ကြသည်။ ယခုအခါ တောင် ကိုရီးယားသည် စားကြွင်းစားကျန် ၉၅ ရာခိုင်နှုန်းကို ပြန်လည်အသုံးပြုနိုင် ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် တိရစ္ဆာန်အစာ၊ ဇီဝမြေဆွေးနှင့် ဇီဝဓာတ်ငွေ့များ ထုတ်လုပ် လျက်ရှိသည်။

**Indore မြို့ အိန္ဒိယနိုင်ငံ (စံပြမြို့ပြ မဟာဗျူဟာ)**

အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ်ရှိ လူဦးရေ၃ သန်းကျော်ရှိသော Indore မြို့ကြီးသည် ယခင်က အမှိုက်ပုံ ကြီးများနှင့် ရှုပ်ထွေးညစ်ပတ်နေသော မြို့တစ်မြို့ဖြစ်ခဲ့သည်။ သို့သော်လည်း မြို့ပြစည်ပင်သာယာရေးအဖွဲ့ (Indore Municipal Corporation) ၏ ပြတ်သား သောဦးဆောင်မှုဖြင့် မဟာဗျူဟာသစ် တစ်ရပ်ကို ချမှတ်ခဲ့သည်။ ၎င်းတို့သည် အိမ်တိုင်ရာရောက် အမှိုက်သိမ်းစနစ် (Door to Door Source Segregation) ကို ၁၀၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ခဲ့သည်။ အမှိုက်သိမ်းယာဉ်များတွင် အစို၊ အခြောက်၊ အန္တရာယ်ရှိနှင့် ဆေးရုံသုံး အမှိုက်ဟူ၍ သီးသန့်အခန်းများခွဲထားပြီး အိမ်ထောင်စုများက အမှိုက်ခွဲခြားမထား ပါက အမှိုက်သိမ်းယာဉ်က လုံးဝလက်ခံခြင်း မပြုဘဲ ဒဏ်ရိုက်သည့်စနစ်ကို ကျင့်သုံးခဲ့ သည်။ ထို့ပြင် မြို့တွင်း၌ အာရှတိုက်၏ အကြီးဆုံး Bio-CNG (ဂိုဗာဓန်စက်ရုံ)ကို တည်ဆောက်ကာ နေ့စဉ်ထွက်ရှိသော အစိုမှိုက်တန် ၅၅၀ မှ ဇီဝသဘာဝဓာတ်ငွေ့ များ ထုတ်လုပ်ပြီး မြို့ပြဘတ်စကား အစီးရေ ၄၀၀ ကျော်ကို လည်ပတ် မောင်းနှင်စေခဲ့သည်။ Indore မြို့သည် အိန္ဒိယနိုင်ငံ၏ အသန့်ရှင်းဆုံးမြို့ဆုကို ခုနစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့ သည်။



အိန္ဒိယနိုင်ငံ Indore မြို့တွင် အိမ်တိုင်ရာရောက် အမှိုက်သိမ်းစနစ် (Door to Door Source Segregation)ကို ၁၀၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့မှုပုံ။

**စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ**

အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် အောင်မြင် ရန်အတွက် အောက်ပါစိန်ခေါ်မှုများကို စနစ်တကျ ကျော်လွှားရန် လိုအပ် သည်-

(က) **ပြည်သူလူထု၏ ပူးပေါင်း ပါဝင်မှုနှင့် အသိပညာပေးခြင်း**။ ပြည်သူ အများစုသည် အမှိုက်ခွဲခြားခြင်း၏ အရေးပါပုံကို သဘောမပေါက်ခြင်းနှင့် အလေ့အကျင့်မရှိခြင်းတို့ ဖြစ်တတ်သည်။ ၎င်းကိုဖြေရှင်းရန် ကျောင်းသင်ရိုး ညွှန်းတမ်းများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဘာသာရပ်ထည့်သွင်းခြင်း၊ ရပ်ကွက်အလိုက် မက်လုံးပေးစနစ်များ (ဥပမာ - အမှိုက်ခြောက်လာပေးပါက အခြေခံစားသောက်ကုန်၊ သို့မဟုတ် အခွန်လျှော့ပေါ့ပေးခြင်း) ကို ဆောင်ရွက် ရမည်။

(ခ) **အခြေခံအဆောက်အအုံ ပြည့်စုံမှု**။ ပြည်သူက ခွဲခြားပေးသော် လည်း အမှိုက်သိမ်းစည်ပင်က အားလုံးကို ကားတစ်စီးတည်းတွင် ပြန်ရောပစ်ပါက စနစ်ပျက်စီးတတ်သည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် Color-coded Bins (အစိမ်းရောင်-အစို၊ အပြာရောင်-အခြောက်၊ အနီရောင်- အန္တရာယ်ရှိ)များနှင့် အခန်းခွဲပါသော အမှိုက်သိမ်းယာဉ်များကို အပြည့်အဝ ထောက်ပံ့ပေးရမည်။

(ဂ) **ခိုင်မာသောမူဝါဒနှင့် ဥပဒေ စိုးမိုးမှု**။ စည်းကမ်းမဲ့သူများကို ထိရောက်စွာ အရေးယူနိုင်သည့် စည်ပင်သာယာ ဥပဒေများ လိုအပ်သည်။ ဆုပေး ဒဏ်ပေးစနစ်ကိုကျင့်သုံးပြီး စနစ်တကျ ခွဲခြားသူများကိုဂုဏ်ပြုခြင်း၊ စည်းကမ်း ဖောက်ဖျက်သူများကို လေးနက်သော ဒဏ်ကြေးငွေများ သတ်မှတ်ခြင်းတို့ ဆောင်ရွက်သင့်သည်။

အချုပ်အားဖြင့် အမှိုက်များကို အရင်း အမြစ်ကတည်းက ခွဲခြားစွန့်ပစ်ခြင်းသည် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံ ရသည့် နည်းပညာကြီးများထက် ပိုမို ထိရောက်ပြီး ရေရှည်တည်တံ့သော ဗျူဟာမြောက် မြို့ပြစီမံခန့်ခွဲမှုစနစ် ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ပေးရုံသာမက ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးပြီး စက်ဝိုင်းပုံစီးပွားရေးစနစ်မှတစ်ဆင့် နိုင်ငံ တော်၏ လူမှုစီးပွားကဏ္ဍကိုပါ များစွာ အထောက်အကူပြုစေသည်။ နိုင်ငံ တကာမှ လက်တွေ့လေ့လာမှုများက သက်သေပြနေသည်မှာ ခိုင်မာသော နိုင်ငံရေးဆန္ဒ (Political Will)၊ စနစ်ကျ သော အခြေခံအဆောက်အအုံနှင့် ပြည်သူ လူထု၏ စည်းလုံးညီညွတ်သော ပူးပေါင်း ပါဝင်မှုတို့ပေါင်းစပ်လျှင် မည်သည့်မြို့ပြ မဆို သန့်ရှင်းစိမ်းလန်းသော "Healthy City" သို့မဟုတ် "Smart City" အဖြစ်သို့ ကူးပြောင်းနိုင်ကြောင်းပင် ဖြစ်သည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များ အတွက် သန့်ရှင်းသော ကမ္ဘာမြေကို လက်ဆင့်ကမ်းနိုင်ရန် "အမှိုက်ကို အရင်းအမြစ်အဖြစ်ရှုမြင်ကာ ယနေ့ ကတည်းက စတင်ခွဲခြားကြပါစို့" ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါ သည်။ ။

**မှီငြမ်းကိုးကားစာရင်း**

၁။ https://datatopics.worldbank.org/what-a-waste.

၂။ https://www.unep.org/explore-topics/resource-efficiency/what-we-do/solid-waste-management.

၃။ https://www.weforum.org/agenda/2019/08/how-kamikatsu-became-japans-first-zero-waste-town.

၄။ https://www.weforum.org/agenda/2019/04/south-korea-recycling-food-waste.

၅။ https://swachhbharatmission.gov.in/SBMCMS/success-stories.htm.

၆။ https://www.epa.gov/recycle/reducing-and-reusing-basics.

## ဆင်ပေါင်ဝဲမြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကျင်းပ



ဆင်ပေါင်ဝဲ ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ဆင်ပေါင်ဝဲမြို့နယ်ချောင်းကောက် ကျေးရွာအုပ်စု ကိုးပင်ကျေးရွာ၌ ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းက ကျေးရွာမြေငှားဂရန်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်ခြေ ၄၅ အိမ်အား ကျေးရွာမြေငှား ဂရန်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၂၆(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၃။ | ၁၂:၅၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၂။ | ၀၆:၄၀ | မေတ္တာပို့ | | | |
| ၃။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၄။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း |
| ၄။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် | | | သုံးသပ်ချက်များ |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | | | |
| ၆။ | ၀၈:၄၀ | စိုက်ပျိုးသုတ | ၁၅။ | ၁၈:၂၀ | မွေးမြူသုတ |
| ၇။ | ၀၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၆။ | ည ၈ နာရီ သတင်း အပြီး | အမျိုးသားရေး တေးကဗျာ |
| ၈။ | ၁၀:၄၅ | သီချင်းလက်ဆောင် | | | |
| ၉။ | ၁၀:၅၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း | ၁၇။ | | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် |
| ၁၀။ | ၁၁:၁၅ | အတွေးအမြင် | ၁၈။ | | ကျန်းမာသုတ |
| ၁၁။ | ၁၁:၅၅ | မြန်မာ့လက်သံ | ၁၉။ | | အိုဘယ့်သခင် |
| ၁၂။ | ၁၂:၄၅ | မြန်မာ့ရှုခင်း | | | တေးနုယဉ် |

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှနယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဇူလိုင် ၂၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် ၄၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာသော်ဆရလမ်အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်၏ နေရာတွင် မစ္စတာ သော်ဆရလမ်အား ခန့်အပ်ရန် ထိုင်းနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သော်ဆရလမ် ကို ၁၉၇၅ ခုနှစ် မတ်လ ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ဂျာမန်ဘာသာစကားဖြင့် ဝိဇ္ဇာဘွဲ့၊ ရမ်ခမ်ဟွန် တက္ကသိုလ်မှ ဥပဒေပညာဖြင့် ဝိဇ္ဇာဘွဲ့၊ ဗြိတိန်နိုင်ငံ ဝေါဝစ်တက္ကသိုလ်မှ နိုင်ငံတကာနိုင်ငံရေး ဘောဂဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။

မစ္စတာ သော်ဆရလမ်သည် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဟိုချီမင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး ဆစ်ဒနီမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးနှင့် ဘူဒါပတ်မြို့ရှိထိုင်းသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သော်ဆရလမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ မြဝတီ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်းစစ်ဆင်ရေးတာဝန်များကိုစွမ်းစွမ်းတမံထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုနေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို သက်ဆိုင်ရာ တပ်နယ်များ၌ အသီးသီးကျင်းပပြုလုပ်ကြရာ တပ်နယ်အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်လျက်ရှိသည့်နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားအိပ်ဆောင်များနှင့် သင်တန်းသားစားရိပ်သာတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၂˚c / ၃၀˚c |
| ရန်ကုန် | ၂၄˚c / ၃၂˚c |
| မန္တလေး | ၂၆˚c / ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကျင်းပ




တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားအသစ်တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာလမ်းကြောင်းများတွင် အဆင်ပြေစွာပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းခုနစ်ခုမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို စကားရပ်များအဆင့်ဆင့်အစားထိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများက ယနေ့အချိန်အထိ တာဝန်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် "ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်"ဟူ၍ ပြဋ္ဌာန်းထားရှိမှုနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၈/၂၀၁၁ ဖြင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပြီး ခေတ်စနစ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် "မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်"ကို ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်များအရ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည့်စုံလုံလောက်ပြီးဖြစ်ခြင်း၊ ယင်းဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စကားရပ်များအစားထိုးသည့်ဥပဒေများအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအား လုပ်ပိုင်ခွင့်အပ်နှင်းထားပြီးဖြစ်ခြင်း၊ ခေတ်ကာလနှင့် လျော်ညီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကိုဥပဒေကဲ့သို့အာဏာတည်စေရန် ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် လတ်တလောကာလတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေမူကြမ်းရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ်ရှိ ညောင်စာရေး-တရုတ်မှော်-ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ရွှေတောင်မြို့နယ် ညောင်စာရေး-တရုတ်မှော်-ကွေ့မလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၁ မိုင် ၂ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသားလမ်း ၉ မိုင် ၃ ဖာလုံအနက် ၃ မိုင်မှာ အကျယ် ၁၆ ပေခန့်၊ ၆ မိုင် ၃ ဖာလုံတွင် အကျယ် ၇ ပေခန့်၊ မြေနီလမ်း ၁ မိုင်တွင် အကျယ် ၁၂ ပေခန့်သာရှိပါသဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းအား ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ် သဖြင့် ကနဦးအနေဖြင့် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် ပထမအဆင့်အနေဖြင့် (လှေကြီးစုကျေးရွာမှ သရက်တပင်ကျေးရွာ)ထိ ၂ မိုင် ၁ ဖာလုံ လမ်းပိုင်းအား မြေသားတာပေါင်ချဲ့ခြင်းနှင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ရာဂိမုန်တိုင်းကြောင့်ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ငွေးချိုတံတားအား အသစ်တည်ဆောက်ပေးနိုင်ပါရန် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ကြံခင်းမြို့နယ် ငွေးချိုတံတားသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အရှည် ၁၆၄ ပေရှိသည့် သစ်သားကြမ်းခင်းတံတားဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်စက်တင်ဘာလ ၁၂ ရက်တွင် ချောင်းရေများကျဆင်းလာခဲ့ပြီး ဒိုက်များ ပိတ်ဆို့လာကာ တံတားအလယ်ပိုင်းပြတ်ထွက်ပြီး ရေနောက်မျောပါသွားခဲ့ရာ လက်ရှိတွင် ကျေးရွာနှင့်ဌာနပူးပေါင်း၍ အကျယ် ၈ ပေ၊ အမြင့် ၁၈ ပေ ရှိသော ယာယီဝါးတံတားဆောက်ရွက်ထားရှိပါကြောင်း။

အဆိုပါတံတားကို ဝန်ထောက်ကွင်း၊ ပင်ကတိုင်း၊ ငွေးချို၊ သာပေါင်း စုစုပေါင်း ကျေးရွာလေးရွာမှ အသုံးပြုသွားလာကြပါကြောင်း၊ တံတား၏မြောက်ဘက်ရှိ ကျေးရွာသုံးရွာတို့အနက်မှ အဝေးဆုံးဖြစ်သော ငွေးချိုကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၂ မိုင် ၂ ဖာလုံသာကွာဝေးပြီး တံတား၏တောင်ဘက်ရှိ သာပေါင်းကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၄ ဖာလုံသာကွာဝေးသည့်အတွက် အဆိုပါတံတားအား အသုံးမပြုဘဲ လမ်းမကြီးဆီသို့ အဆင်ပြေလွယ်ကူစွာ အချိန်တိုအတွင်းသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ တံတားအသစ်တည်ဆောက်ပေးရန် လတ်တလောဦးစားပေးအစီအစဉ်တွင် မပါရှိသေးပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိတံတားအား လူနှင့်ဆိုင်ကယ်များသွားလာ၍ရအောင် ပြုပြင်ခြင်းလုပ်ငန်းကို ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၏ **ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းကုန်စည်ပို့ဆောင်ရာလမ်းကြောင်းပေါ်တွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့်အမြန်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ ခရီးကုန်ကျစရိတ်ထိန်းချုပ်ရေးအတွက် သယ်ယူစရိတ်ကျဆင်းအောင် ဆောင်ရွက်ပေးရန်၊ နယ်စပ်ပေါက်ဈေးနှင့် ပြည်တွင်းဝယ်ဈေး ကွာဟချက်ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့်မြေဩဇာများကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကုန်သွယ်မှုလမ်းကြောင်းများတွင် နယ်မြေအေးချမ်းတည်ငြိမ်သည်ဆိုသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေအပြည့်အဝစိုးမိုးမှုရှိအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဝင်ကုန်စည်များ တင်ပို့/တင်သွင်းခြင်းကို စိစစ်ထိန်းကျောင်းခြင်းသည် နိုင်ငံအတွက် အခွန်ဘဏ္ဍာများရရှိရုံသာမက ပြည်တွင်းထုတ်လုပ်မှုရှိသော ထုတ်ကုန်များအပေါ် မလိုလားအပ်သော ထိခိုက်နစ်နာမှုများအားထိန်းချုပ်နိုင်ပြီး ပြည်တွင်းတောင်သူလယ်သမား၏ ထွက်ကုန်ဈေးကွက်များအပေါ် ရောင်းလိုအား/ဝယ်လိုအားနှင့်အညီ ဈေးနှုန်းဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတစ်လျှောက် တရားမဝင် အခွန်ကောက်ခံနေမှုများကို အထောက်အထားများဖြင့် တရားဝင်တိုင်ကြားနိုင်ပြီး ပါဝင်ပတ်သက်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီးနှံများ၏ အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်ပေးရန်နှင့် ဈေးနှုန်းသက်သာသည့်မျိုးစေ့ရရှိရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့်ခြံပေါင်း ၄၃ ခြံမှ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံ စုစုပေါင်း ၃၃၄၂ ဒသမ ၆ ဧကစိုက်ပျိုးလျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ပြန်လည်မျိုးစေ့ထုတ်မည့်တောင်သူများ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထို့အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခြံ ၁၄၅ ခြံမှ သီးနှံ ၁၀ မျိုးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပွားများရရှိလာသည့်မျိုးစေ့များကို မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့များမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များအဖြစ် ဆက်လက်ပွားများပြီး တောင်သူများထံသို့ဖြန့်ဝေပေးလျက်ရှိရာ ထပ်မံလိုအပ်သည့်မျိုးများအတွက် ပြည်ပမှဆက်လက်တင်သွင်းရပါကြောင်း။

မြေဩဇာနှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ယူရီးယားဓာတ်မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီတို့ပူးပေါင်း၍ ကုမ္ပဏီများမှ သွင်းအားစုများကို ဈေးနှုန်းကြီးမြင့်စွာရောင်းချမှုများမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများအား ဓာတ်မြေဩဇာခွဲတမ်းသတ်မှတ်ရေး ကော်မတီမှလည်း ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင်ခြံ/ စိုက်ကွင်းများ၊ ဒေသခံမျိုးစေ့ထုတ်လုပ်သူများ အစုအဖွဲ့များမှ ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုံးစွဲနိုင်သကဲ့သို့ သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချပြီး ဒေသတွင်းတွင်ထုတ်လုပ်သည့် မြေဩဇာများကို ဓာတ်မြေဩဇာနှင့်ပေါင်းစပ်သုံးစွဲခြင်းဖြင့် ပြည်ပတင်သွင်းမှုကိုလျှော့ချနိုင်ပြီး တစ်ဖက်တစ်လမ်းကလည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ပါးသက်သာစေမည်ဖြစ်သည့်အတွက် တရားမဝင်ကုန်စည်များ ဝင်ရောက်မှုများအား တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်တားဆီးထိန်းကျောင်းခြင်းဖြင့် သယ်ယူစရိတ်လျော့နည်းစေရေး၊ ဈေးနှုန်းကွာဟမှုမရှိစေရေး၊ ဈေးနှုန်းသက်သာသည့် မျိုးစေ့နှင့်မြေဩဇာရရှိရေးကိစ္စရပ်များဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ်များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိစေမှုနှင့်အတူ ဌာနဆိုင်ရာနှင့်လုပ်ငန်းရှင်များ အကျိုးတူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone – REZ) စီမံကိန်းကို အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်၊ ဇာစ်မြစ်ခြေရာခံနိုင်မှု (Traceability)၊ အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသည့်စိုက်ပျိုးရေး လုပ်ထုံးလုပ်နည်းများသေချာစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက်အမြောက်အမြားစဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံ

● ရှေ့ဖုံးမှအဆက်

ယနေ့အစည်းအဝေးသို့ ၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးဇင်မင်းထက်က ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်) နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးဇင်မင်းထက်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ခုနှစ်)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ထပ်မံခွင့်ပြုနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းနှင့် အခြားဒေသတွင်း နိုင်ငံများ၏တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများအပေါ် လေ့လာသုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇွန်လအတွက် တစ်လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm)နှင့်သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့်အခွန်ငွေများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို တစ်လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လထပ်မံ၍ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

---

ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်အနေဖြင့် Exporter ကုမ္ပဏီက တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ သိန်းအား Exporter ကုမ္ပဏီမှတစ်ဆင့် တောင်သူများအား တစ်ကေလျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအဖြစ် ငွေကျပ်သုံးသိန်းဖြင့် စုစုပေါင်း တစ်ကေလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်း ချေးငွေအဖြစ်ထုတ်ချေးပြီး အရင်းအနှီး ရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

REZ စီမံကိန်းတွင် ပါဝင်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် တစ်ကေလျှင်ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်းချေးငွေရရှိပြီး ချေးငွေအားထွက်ရှိသည့် စပါးဖြင့် ပြန်လည်ပေးဆပ်နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာစသည့်သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ ရရှိသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီများရရှိခြင်း၊ သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထားသည့်သီးနှံများကို ကာလပေါက်ဈေးထက်ဈေးပိုမိုပေးပြီး ဝယ်ယူပေးခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍာတိုးမြှင့်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၆-၂၀၃၀) ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းရေးဆွဲပြီး အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမားအိမ်ထောင်ဦးစီးများ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေကို အမွေဆက်ခံခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းဖြစ်ပါက အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှအမွေဆက်ခံခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမွေဆက်ခံခွင့်ရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲထုတ်ပေးရန် လျှောက်လွှာပုံစံ (၉-က)နှင့်အတူ (ပုံစံ-၇) မူရင်း၊ သက်ဆိုင်ရာရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏စိစစ်ထောက်ခံချက်၊ စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးမှ ထုတ်ပေးထားသော အမွေဆက်ခံခွင့်လက်မှတ်မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှိ မှတ်ပုံတင်စာရင်း ပုံစံ(၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) (ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့်အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၂-ဂ)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်နိုင်ရန် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ကန့်ကွက်လွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့် တင်ပြလာသည့်အထောက်အထားလက်ခံများကိုစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန်အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်းစစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၁၅ ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမည်ပြောင်းလဲ ဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးတွင်လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ ဦးပိုင်လုပ်ကွက်တစ်ခုအတွက် မှတ်ပုံတင်ကြေးကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

ငြင်းပယ်ကြောင်း အကြောင်းကြားချက် ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုံစံ(၈-ခ)ဖြင့် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကိစ္စရပ်များအတွက် အမည်ပြောင်းပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခံရသူများစာရင်း ပုံစံ (၆-ခ)တွင် မှတ်ပုံတင်ထားရှိရမည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် (ပုံစံ-၇)ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ အမည်ပြောင်းလဲနိုင်ရေးအတွက် အထက်ပါလုပ်ငန်းစဉ်များနှင့်အညီသာဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးနဲ မဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်းကန်ကြီးအား တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က နောင်တုန်ဟုန်းကန်(အောင်မင်္ဂလာကန်)သည် နှစ်ကာလသက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် သဲနုန်းများပို့ချတိမ်ကောကာ ကိုင်းပင်များပေါက်ရောက်နေမှုကြောင့် ရေသိုလှောင်နိုင်မှု လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကန်၏ ရေသိုလှောင်နိုင်မှုကျဆင်းလာခြင်းကြောင့် ကန်၏ပတ်ဝန်းကျင် ဒေသနေပြည်သူများ သောက်သုံးရေရယူနေသော ရေတွင်းများတွင် ရေခန်းခြောက်ခြင်း၊ ကန်၏အနောက်ဘက်ရှိ စိုက်ပျိုးမြေ ဧက ၃၀ ခန့်မှာ မိုးစပါးစိုက်ပျိုးရေလုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေခက်ခဲမှုမရှိစေရေးနှင့် မြို့သာယာလှပရေးအတွက် နောင်တုန်ဟုန်းကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ကန်အတွင်းရှိ သဲနုန်းထု ၃ ပေခန့်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ပြုပြင်ရန် လိုအပ်သောအပိုင်းများကို မြေဖို့ပြုပြင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ကန်ရေပြင်မြင့်တက်လာချိန်တွင် ကန်ပေါင်ကျိုးပေါက်မှုမဖြစ်ပေါ်စေရန်အတွက် ပိုလျှံရေထုတ်နုတ်ပေးနိုင်ရန် ရေထုတ်ပေါက်တစ်ခုတည်ဆောက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နောင်တုန်ဟုန်းကန်အတွင်း လက်ရှိသိုလှောင်နိုင်သည့် ပမာဏ ၁၆ ဧကပေခန့်ရှိရာမှ သိုလှောင်ရေပမာဏ ၄၈ ဧကပေ (ဂါလန်သိန်း ၁၃၀ )ခန့်ထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တုန်ဟုန်းကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

## ဖြည့်စွက်ဖတ်ရှုပါရန်

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး၏အမည်အပြည့်အစုံမှာ H.E.Mr.Nguyen Anh Duc ဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ **မြဝတီ**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Statement on the ASEAN Five-Point Statement, known as the ASEAN Five-Point Consensus

During the ASEAN Leaders' Meeting heldat the ASEAN Secretariat in Jakarta, Indonesia on 24 April 2021, the ASEAN Leaders deliberated and provided recommendations on the developments in Myanmar. At the Meeting, Myanmar responded that (1) it noted that some suggestions by the ASEAN Member States were constructive and would be taken into consideration based on the internal situation of the State; (2) it would give careful consideration to those suggestions since priorities at the moment were given to maintain law and order and to restore community stability; and (3)the suggestions would be positively considered if it would facilitate the implementation of the Five-Point Roadmap laid down by the Government, in line with the purposes and principles enshrined in the ASEAN Charter, ASEAN Way and ASEAN Spirit.

Following the ASEAN Leaders' Meeting, the Five-Point Statement was released as an annex to the Chairman's Statement. It was attached as an annex to the Chairman's Statement without prior notification and circulation of a draft to the Member States, particularly to the country concerned, Myanmar, which was inconsistent with the ASEAN practice. Therefore, it was released without reaching a consensus among all Member States. Myanmar's position on the said Statement had already been conveyed through the State-owned newspapers on 27 April 2021.

Myanmar has also endeavoured to cooperate to the fullest extent possible guided by the spirit of the ASEAN family and based on its national interests with regard to the recommendations and suggestions made by the ASEAN Member States, as well as the aforementioned Five-Point Statement. As the Five-Point Roadmap laid down during the tenure of the State Administration Council is complementary to the ASEAN Five-Point Statement, the Government has implemented its Five-Point Roadmap, while making every possible effort to cooperate on matters relating to it without compromising its national interests and sovereignty.

Following the successful holding of elections in Myanmar in December 2025 and January 2026, the Hluttaw (Parliament) has been duly constituted. On 9 July 2026, the Pyidaungsu Hluttaw (Union Parliament) adopted an urgent motion "urging the Union Government to review and take necessary action regarding the Five-Point Statement, as it diverges from fundamental principles of ASEAN, and does not align with the current political developmentsin Myanmar."

Myanmar delegation led by the Union Minister for Foreign Affairs attended the Informal Meeting of the ASEAN Foreign Ministers which was held in Bangkok, Thailand, on 12 July 2026.

At the said Informal Meeting,the Union Minister briefed that Myanmar will continue its efforts to normalize its relations with ASEAN through a Myanmar-owned and Myanmar-led process, based on the reality on the ground while safeguarding its national interests and sovereignty. Regarding the ASEAN Five-Point Statement, the Union Minister also briefed that as the Pyidaungsu Hluttaw has adopted an urgent motion, the Government, being bound to respect the decision of the Hluttaw, consisting of the Representatives elected by the will of the people, is obliged to respect and to take appropriate measures accordingly while Myanmar will cooperate with the Association to the fullest extent possible to restore normalization of itsrelations with ASEAN.

Myanmar will enhance its cooperation with international communities including neighbouring countries, friendly countries and ASEAN Member States, in line with its foreign policy stipulated in the 2008 Constitution and the Five Principles of Peaceful Coexistence, and continue to maintain constructive and mutually beneficial cooperation with ASEAN while upholding its national interests and sovereignty.

In the discussion and implementation of the ASEAN Five-Point Statement, ASEAN Member States should respect and uphold ASEAN's fundamental principles enshrined in the ASEAN Charter such as respect for the sovereignty of Member States and non-interference in internal affairs. Myanmar, on its part, will continue to cooperate with ASEAN to the fullest extent possible based on the real situations on the ground.

**Ministry of Foreign Affairs**
**23 July 2026**

## Taze Township to grow over 35,000 acres of groundnuts

TAZE July 23

More than 35,000 acres of groundnuts will be planted in Taze Township, Ye-U District, Sagaing Region during this year's rain crops planting season,according to the statistics of the Department of Agriculture for Ye-U District.

During the 2026-2027 rain crops planting season, 35,710 acres of groundnuts will be planted in Taze Township, and farmlands are currently being plowed to grow groundnuts.

"This year, Taze Township has planned to grow more than 35,000 acres of groundnuts. We are working to plant groundnuts this month. We will also work to reach the target acres. Oilseed crops are also in a successful position. Groundnut cultivation is increasing year by year," said U Zaw Myint Htun, head of the Department of Agriculture for Ye-U District.

In Taze Township, farmers plant one and a half baskets of groundnuts per acre. Groundnut cultivation costs more than Ks-200,000 per acre, including expenses for seeds, labour, fertilizer, and pesticides, and produces a yield of more than 50 baskets per acre. **SK**

## Budalin Township prepares to grow more than 53,000 acres of monsoon sesame

BUDALIN July 23

Local authorities have earmarked cultivation of more than 53,000 acres of monsoon sesame in Budalin Township of Sagaing Region this year, according to the township Department of Agriculture.

During the 2026-2027 monsoon crop season, Budalin Township has set a target to cultivate 53,110 acres of monsoon sesame. At present, farmland is being ploughed in preparation for crop cultivation, according to reports.

"This year, during the monsoon season in Budalin Township, we have targeted planting more than 53,000 acres of monsoon sesame. Preparations are underway to begin cultivation within this month. Efforts will also be made to fully meet the target acreage. Measures are being taken to expand sesame cultivation, improve yields, and promote cultivation using GAP methods," said U Phyo Wai, head of the Budalin Township Department of Agriculture.

This year, the Township Department of Agriculture will provide awareness and technical guidance to sesame farmers in Budalin Township on expanding cultivation, applying proper cultivation techniques, adopting GAP practices, and using high-quality and high-yield seed varieties.

Crops produced under the GAP system are known to have better quality and fetch higher prices compared to those grown using other methods. They can also be sold not only in domestic markets but exported to international markets. As a result, farmers adopting GAP practices are expected to gain greater economic benefits and improve their socio-economic conditions. **SMK**

## Please read the following supplementary information

On page 18 of the Myawady Daily issued on 23 July 2026, the name of the Ambassador of the Socialist Republic of Vietnam to the Republic of the Union of Myanmar is incorrectly written as H.E. Mr. Ngu Anh Duc instead of H.E. Mr. Nguyen Anh Duc. **Myawady**

# More than 4,000 acres of summer paddy planted in Sagaing Township

SAGAING July 23

Statistics of the Department of Agriculture in Sagaing Township stated that local farmers have so far planted more than 4,000 acres of summer paddy in Sagaing Township of Sagaing Region.

Local authorities earmarked cultivation of 4,350 acres of summer paddy in Sagaing Township in 2025-2026 summer crop cultivation season but local farmers have panted 4,269 acres of summer paddy against the target cultivation since January this year.

"In Sagaing Township, during this year's summer cropping season, 4,350 acres of summer paddy were targeted for cultivation, of which 4,269 acres have already been planted. Efforts are being made to meet the full target acreage. Summer paddy farmers are being provided with agricultural technical guidance, awareness on pest prevention, measures to avoid crop losses, and advice to ensure that harvested paddy is transported under shelter in a timely manner," said U Myo Thant Aung, Head of the Department of Agriculture in Sagaing Township.

In Sagaing Township, to help summer paddy farmers increase yield per acre and achieve target yields, the distribution of quality and pure seeds, dissemination of technical pamphlets, farmer training courses and educational talks, and timely provision of necessary agricultural inputs are being carried out.

Farmers are also being urged to make advance preparations in coordination with the Department of Agriculture, including following issued guidelines on crop pest and disease prevention, undertaking soil nutrient management activities, and collecting quality seeds in advance, in order to ensure timely cultivation of summer paddy and other crops after the harvest of monsoon paddy and other seasonal crops. **SMK**


# Ridge gourd in high demand at domestic market in Pantanaw Township

PANTANAW July 23

Daw Myat Maw, the owner of green grocery whoelsale depot in Pantanaw Township of Ayeyawady Region, said that ridge gourds are in high demand at the domestic market in Pantanaw Township.

In Pantanaw Township, locally produced ridge gourds have been traded at fresh produce markets from the second week of May this year up to the present day. Demand has been strengthening, with daily purchases currently ranging from 25,000 to 45,000 gourds, leading to brisk sales. The market price has reached up to Ks-27,500 per 100 gourds.

"The ridge gourds produced in this area are being purchased in large quantities by other townships. At present, up to 45,000 ridge gourds are being traded daily. Ridge gourd is one of the local products of Pantanaw Township. The ridge gourds currently selling well are of good quality. Since they are locally produced, consumers can enjoy affordable, clean, and fresh food products. Other regions are also purchasing ridge gourds from this local fresh produce market. As demand for these locally produced ridge gourds has increased, opportunities for vegetable farmers have become more favourable," said Daw Myat Maw.



At present, seasonal local vegetables, including ridge gourds, are being harvested in Pantanaw Township. Due to the strong demand and brisk sales of ridge gourds, preparations are being made to expand cultivation further. Since only local products are being sold, transportation costs are lower, and only fresh produce is traded, providing various benefits. **SK**

# Yinkwe mango fruits in high demand in Mawlamyinegyun Township



MAWLAMYINEGYUN July 23

"Trading of Yinkwe mango fruits is in high demand at the domestic market in Mawlamyinegyun Township of Ayeyawady Region," said Daw Win Maw, the owner of mango trading wholesale in Mawlamyinegyun Township.

In Mawlamyinegyun Township, locally produced Yinkwe mangoes have been traded in the market from the third week of April this year up to the present. Daily purchases have increased to between 25,000 and 35,000 fruits, with strong sales reported. The price has reached up to Ks-25,000 per 100 mangoes.

"Mangoes produced in this area are seeing strong demand from other townships. Currently, up to 35,000 fruits are being traded. The mangoes selling well at present are of high quality and fresh. As they are locally produced, consumers can enjoy affordable, clean, and fresh food products. Other regions are actively purchasing Yinkwe mangoes shipped from here. With the growing demand for these local products, mango growers are finding better opportunities and improved business conditions," said Daw Win Maw.

At present, it is the season when local mango varieties, including Yinkwe mangoes, are abundantly available in Mawlamyinegyun Township. **SMK**

# Authorities earmark cultivation of more than 2,000 acers of sunflower in Myinmu Township

MYINMU July 23

Sagaing District Agriculture Department stated that local authorities set plans to grow more than 2,000 acres of sunflower as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myinmu Township has targeted the cultivation of 2,030 acres of sunflower crops, and farmland is currently being ploughed in preparation for planting.

"This year, during the monsoon crop season in Myinmu Township, we are targeting the cultivation of more than 2,000 acres of sunflowers. Efforts will be made to ensure that the target acreage is fully achieved. We will also expand sunflower cultivation, which is an oilseed crop, in order to reduce reliance on imported palm oil. Sunflowers produce more oil per acre compared with other oil crops such as groundnuts and sesame. Sunflowers are generally cultivated during the winter season," said Daw Myat Moe Win, Head of the Department of Agriculture in Sagaing District.

To promote expanded sunflower cultivation in Myinmu Township, the relevant Township Department of Agriculture is accelerating awareness and technical training programmes. Additional training courses will also be conducted to improve the capacity of both staff members and farmers who plan to cultivate sunflowers. **SK**

# Maubin Township distributes a large weight of young areca fruits to Yangon

MAUBIN July 23

"Maubin Township of Ayeyawady Region sold a large volume of young areca fruits to Yangon market," said Daw Kyi Htay, the owner of areca nut trading in Maubin Township.

From Maubin Township to Yangon, up to 80,000 viss of young areca fruits were sold. This rise in shipments of young areca fruits is attributed to strong demand in the domestic market.

" A large volume of young areca fruits was exported from Maubin Township to the Yangon market. Due to increasing orders, we had to send large quantities. Currently, the price of young areca fruits has reached up to Ks-17,500 per viss. As trading is active, those engaged in areca cultivation are able to operate their businesses smoothly," said Daw Kyi Htay.

Young areca fruits produced in Maubin Township are purchased directly by traders at plantations, systematically selected and packed, and then transported to Yangon for sale. From Yangon, they are further exported to foreign markets. Previously, only two markets existed for areca—fresh and mature—but now young areca fruits are also being traded without needing to wait until full maturity. **SK**

# Geely, Ford ink deal to produce new energy vehicles in Spain

VALENCIA July 23

Geely Automobile Holdings and Ford Motor Company on Thursday announced a deal to produce new energy vehicles for the European market at Ford's manufacturing plant in Valencia, Spain.

Pending regulatory approval, the joint venture is expected to begin operations in the first half of 2027, with the first new vehicles set to roll off the production line in 2028.

Under the plan, Chinese auto manufacturer Geely will produce two new energy models at the Valencia plant, while Ford will manufacture three Ford-branded multi-energy vehicles. Ford will hold a 66 percent stake in the joint venture and Geely the remaining 34 percent.

The partnership will transform Ford's Valencia facility into a shared manufacturing hub, improving capacity utilization, reducing development costs and creating long-term employment opportunities for the region's automotive workforce, the company said. The plant has an annual production capacity of about 500,000 vehicles.

Nan Shengliang, vice president of Geely Auto Group, said the partnership marks "an important step toward open collaboration" and will further strengthen the company's presence in Europe.

"We are dedicated to delivering vehicles that European customers will choose on merit, with industry-leading features, high quality and a contribution to Europe's green future," Nan said.

Jim Baumbick, president of Ford Europe, said the cooperation would help build "a flexible, cost-effective industrial system," while making full use of the Valencia plant and its workforce.

He added that the partnership forms part of Ford's strategy to offer European customers vehicles featuring rally-inspired handling, off-road capability and multi-energy technologies.

Geely, whose overseas sales increased by 158 percent year-on-year in the first half of 2026, purchased Volvo Cars from Ford in 2010. **Xinhua**

# Lavrov, Rubio holding meeting in Manila

MANILA July 23

Russian Foreign Minister Sergey Lavrov is holding a meeting with US Secretary of State Marco Rubio in the Philippine capital of Manila on the sidelines of the ASEAN ministerial events, a Sputnik correspondent reported.

On Wednesday, Lavrov announced that a meeting with Rubio had been agreed upon and was scheduled for Thursday.

The last meeting between Lavrov and Rubio took place in New York on September 24, during the 80th session of the UN General Assembly. **Sputnik**



# Saudi Arabia, U.S. ink deal on nuclear energy

RIYADH July 23

Saudi Arabia and the United States have signed an agreement on cooperation in the peaceful uses of nuclear energy, the Saudi Energy Ministry said on Thursday.

The deal builds on the longstanding strategic partnership between the two countries and follows the announcement made during Saudi Crown Prince and Prime Minister Mohammed bin Salman Al Saud's visit to the United States in November last year on the conclusion of negotiations on bilateral cooperation in the peaceful uses of nuclear energy, the ministry said in a press release.

It aims to enhance cooperation in the peaceful uses of nuclear energy and facilitate the exchange of expertise, knowledge and technologies in line with the highest international standards of nuclear safety, nuclear security and non-proliferation, said the ministry.

The agreement supports efforts to diversify energy sources, advance cutting-edge technologies, and expand opportunities for cooperation and investment that serve the mutual interests of the two countries, it added. **Xinhua**

# Brent crude price reaches 100 U.S. dollars due to Mideast tensions

NEW YORK July 23

International benchmark Brent crude rose to the highest level in two months, reaching 100 U.S. dollars per barrel on Thursday morning after two Saudi oil tankers were hit in the Red Sea.

Brent crude for September delivery climbed to 100.28 dollars per barrel on the London ICE Futures Exchange, up 6.21 dollars, or 6.6 percent, from the previous settlement.

Meanwhile, the West Texas Intermediate for September delivery reached 91.61 dollars per barrel at one point, up 4.78 dollars, or 5.5 percent on the New York Mercantile Exchange.

Yemen's Houthi group said on Thursday that it had carried out a military operation targeting two Saudi oil tankers in the Red Sea, claiming the vessels had violated the group's recently announced maritime restrictions. **Xinhua**

# Flood hits several Indian states as monsoon intensifies



NEW DELHI July 23

Several parts of various Indian states from East to West were inundated with rainwater amid incessant rains over the past couple of days.

The death toll in Assam alone rose to 41 on Thursday, even as nearly 600,000 people were adversely affected, many rendered homeless, by heavy rainfall across as many as 11 districts of the state.

Official sources said that the country's southwest monsoon had intensified over the past few days, thus bringing heavy rainfall and flood threats across several states, particularly Assam, Gujarat and Maharashtra.

TV news reports showed various areas in Maharashtra inundated, with cars and other vehicles submerged in standing rainwater in urban areas, even as infrastructure like roads and bridges were left either totally or partially damaged.

Many rivers overflowed into several rural and urban residential areas. Crops and livestock too were extensively damaged. **Xinhua**

# 26,000 Indian flights disrupted due to U.S.-Iran conflict

NEW DELHI July 23

The Indian government on Thursday said the ongoing U.S.-Iran conflict has severely disrupted the country's international aviation sector, affecting around 26,000 flights until July 20.

The situation, according to the government, has inflicted significant revenue losses on the Indian carriers in view of higher operating costs because of rerouting and prolonged flight durations.

The information was provided by the federal junior aviation minister Murlidhar Mohol in the lower house of the Indian parliament.

The minister said the country's civil aviation watchdog -- the Directorate General of Civil Aviation has issued multiple advisories to address and ensure the safety of passengers, crew, and aircraft evolving from the risks arising from the conflict in the Middle East.

The minister said the government has taken several measures to support the aviation sector and help keep air travel affordable.

To minimize passenger disruption, the government said it established a round-the-clock passenger assistance control room for real-time coordination, directed airlines to facilitate refunds and rescheduling, strengthened airport help desks and worked with the Foreign Ministry to assist affected Indian nationals transiting through the Middle East. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 55 Verb (+ object) + to … (I want you to …)

**A** We say:

| verb | + **to** … |
|---|---|
| want<br>expect<br>ask<br>help<br>would like<br>would prefer | to go<br>to be<br>to work<br>etc. |

*and*

| verb | + object | + **to** … |
|---|---|---|
| want<br>expect<br>ask<br>help<br>would like<br>would prefer | somebody<br>something | to go<br>to be<br>to work<br>etc. |

- We **expected to be** late. — We expected **Dan to be** late.
- Would you **like to go** now? — Would you like **me to go** now?
- He doesn't **want to know**. — He doesn't want **anybody to know**.

We do not usually say 'want that':

- Do you **want me to come** with you? (not want that I come)

You can use **help** with or without **to**. You can say:

- Can you help me **to move** this table? or Can you help me move this table?

**B** These verbs have the structure verb + object + **to** … :

| verb | + object | + **to** … |
|---|---|---|
| tell<br>advise<br>remind<br>warn<br>invite<br>encourage<br>persuade<br>get<br>force<br>teach<br>allow<br>enable | somebody | to do<br>to be<br>to work<br>etc. |

- It's not a nice hotel. I wouldn't **advise you to stay** there.
- Can you **remind me to call** Sam tomorrow?
- Joe said the switch was dangerous and **warned me not to touch** it.
- I didn't move the piano by myself. I **got somebody to help** me.
- Who **taught you to drive**?
- They don't **allow people to park** in front of the building.

In these examples, the verb is passive (**I was warned** / **we are allowed** etc.):

- **I was warned not to touch** the switch.
- **Are we allowed to park** here?

We do not use **suggest** with **to** … :

- Jane **suggested that I ask** you for advice. (not Jane suggested me to ask)

**C** We say '**make** somebody **do** something', '**let** somebody **do** something' (without **to**):

- I made him promise that he wouldn't tell anybody what happened.
  (not made him to promise)
- Hot weather **makes me feel** tired. (= causes me to feel tired)
- Her parents wouldn't **let her go** out alone. (= wouldn't allow her to go out)
- **Let me carry** your bag for you.

We say '**make** somebody **do**', but in the passive we say '(be) **made to** do' (with **to**):

- **We were made to wait** for two hours. (= They **made us wait** …)

suggest → Units 34, 53 tell/ask somebody to … → Unit 48D Verb + -ing → Unit 53
Verb + 110 to … → Unit 54 Verb + to … and -ing → Units 56–58 help → Unit 57C

Raymond Murphy

# ဝေါမြို့နယ်၌ မိုးရာသီ ရေဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ဝေါ ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ဦးဆောင်မှုဖြင့် ဝေါမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ စီစဉ်ကျင်းပသော မိုးရာသီ ရေဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ကျွဲတဲစုကျေးရွာ မိုးယွန်းကြီး-ဖွဲ့ဘတ်တာ တာမိုင် (၈/၆) မိုးယွန်းကြီးရေပိုလွှဲအနီး၌ ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်အောင်က ရေဘေးကာကွယ်ရေးနှင့် သတိပြုရမည့်အချက်များကို တက်ရောက်လာသူများအား ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ရေဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ လက်တွေ့ သရုပ်ပြဆောင်ရွက်ကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်တိုးဝင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာအကျိုးပြုဧရိယာအတွင်း ရှိ ကျေးရွာများမှ ပြည်သူများ စိတ်ဝင်တစား တက်ရောက်ကြည့်ရှုကြသည်။

ထို့နောက် သရုပ်ပြပွဲသို့ တက်ရောက်လာသူများက ရေဘေးကာကွယ်ရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပဲခူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

ချမ်းမြေ့



# နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)၌ အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံများပြသ

နတ်မောက် ဇူလိုင် ၂၃

ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဗဟုသုတတိုးပွားစေရေးအတွက် ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများဖြစ်လာစေရန် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင်လ ၂၂ ရက်က နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)ခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဝေက စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ စာတတ်ရန်သာမက ပညာတတ်ရန်ပါ ကြိုးစားကြရေး အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာမှူးက ကျောင်းအုပ်ဆရာကြီးအား အားကစားပစ္စည်းများပေးအပ်သည်။ အဆိုပါဟောပြောပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများ တိုးပွားစေရန် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသခဲ့ကြောင်း သိရသည်။

လှဝင်း

# ဥပဒေဆိုင်ရာ ကိစ္စရပ်များအကြောင်း လူငယ်ရေးရာ အသိပညာပေးဟောပြော

လှိုင်းဘွဲ့ ဇူလိုင် ၂၃


မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု အန္တရာယ် ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များ အကြောင်း လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဝင်းစိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ ဇူလိုင်လ ၂၂ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲများတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောသော်တာလင်းသန့်က လူမှောင်ခို၊ လူကုန်ကူးမှုအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငွေက ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးနေသည့် လုပ်ငန်းများအကြောင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးငွေဝင်းက မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အသိပညာပေးဟောပြောကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

စောဒီ(ပြန်/ဆက်)




# ရန်ကုန်နည်းပညာတက္ကသိုလ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာပေဗဟုသုတများ တိုးပွားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့်အလေ့အထကောင်းများ ရရှိစေရန်နှင့် လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုများရရှိစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ဇူလိုင်လ ၂၂ ရက်က ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းကာ လူငယ်များ အပြန်အလှန်နှီးနှောဖလှယ်နိုင်မည့် စင်မြင့်တစ်ခုအဖြစ် ဖန်တီးပုံဖော်ခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှမျိုးထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်းက မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ အင်းစိန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ ရန်ကုန်နည်းပညာတက္ကသိုလ် မြန်မာစာဌာန ကထိက ဒေါ်နီလာတင့်တို့၏ ဦးဆောင်ဆွေးနွေးမှုဖြင့် လူငယ်စကားဝိုင်းကို စတင်ရာ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူလူငယ်များက ပြန်လည်ဖြေကြားပေးခဲ့သဖြင့် အပြန်အလှန် အသိပညာ ဗဟုသုတတိုးပွားစေမည့်ကဏ္ဍတစ်ခုဖြစ်ခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# အမေရိကန်နှင့်ဆော်ဒီတို့ကြား နျူကလီးယား စွမ်းအင်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်ရရှိ

**ဝါရှင်တန်၊ စွမ်းအင်**

အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား ငြိမ်းချမ်းစွာအသုံးပြုရန် အရပ်ဘက်နျူကလီးယားစွမ်းအင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာနက ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါသဘောတူညီချက်အရ ဆော်ဒီအာရေဗျအနေဖြင့် အမေရိကန်၏ နည်းပညာကိုအသုံးပြုကာ နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ခွင့်နှင့် ယူရေနီယံသန့်စင်ခွင့်ရရှိမည်ဖြစ်သည်။

ထိုအရပ်ဘက် နျူကလီးယားသဘောတူညီချက်ကိုရရှိရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းနှင့် သမ္မတဟောင်း ဂျိုးဘိုင်ဒင်အစိုးရလက်ထက်တို့ကတည်းက နှစ်ပေါင်းများစွာ ကြိုးပမ်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ သို့သော် ဆော်ဒီအာရေဗျအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်ရန် လမ်းစပွင့်စေနိုင်ကြောင်း နျူကလီးယားလက်နက်မပြန့်ပွားရေးအဖွဲ့များ၏ သတိပေးချက်များကြောင့် ယခင်က ထိုကဲ့သို့ သဘောတူညီချက်မရရှိခဲ့ပေ။

ယခုသဘောတူညီချက်သည် ဂျိုးဘိုင်ဒင်အစိုးရ၏ အစီအစဉ်နှင့်မတူဘဲ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီက ကြိုတင်အကြောင်းမကြားဘဲ ရှောင်တခင်ဝင်ရောက်စစ်ဆေးခွင့်ပြုသည့်အစီအစဉ် ပါဝင်ခြင်းမရှိကြောင်းသိရသည်။ ထို့အတူ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်က ၎င်းတို့၏ ဒေသတွင်းပြိုင်ဘက်ဖြစ်သောအီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်လာပါက ဆော်ဒီအာရေဗျကလည်း နျူကလီးယားလက်နက်ထုတ်လုပ်မည်ဟု ထပ်လောင်းပြောထားသဖြင့် လျှို့ဝှက်နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် လှုပ်ရှားမှုများရှိလာမည်နှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေကြောင်းသိရသည်။

**Ref: ST**

# AI က လူလိုပြုမူလာတဲ့အခါ သတိပြုစရာ

ဒီနေ့ခေတ် နည်းပညာလောကမှာ AI (ဉာဏ်ရည်တု) ရဲ့ တိုးတက်မှုနှုန်းက တကယ်ကို အံ့သြစရာကောင်းလောက်အောင်ကိုမြန်ဆန်နေပါတယ်။ အရင်က စက်ပစ္စည်းတွေဆိုတာ ပရိုဂရမ်ရေးပေးထားတဲ့အတိုင်းပဲ စက်ရုပ်ဆန်ဆန် လုပ်ဆောင်နိုင်ခဲ့ကြတာပါ။ သူတို့ကိုပေးထားတဲ့အမိန့်အတိုင်း သို့မဟုတ် သူတို့ကိုခိုင်းစေလိုက်တဲ့ စာကြောင်းအတိုင်းပဲ အလုပ်လုပ်ခဲ့ကြတာပေ့ါ။ ဒါပေမဲ့ ဒီနေ့ခေတ်မှာ Large Language Models (LLMs) တွေနဲ့ Generative AI တွေကျတော့ လူတွေရဲ့ စကားပြောပုံ၊ စာရေးဟန်၊ အနုပညာဖန်တီးမှုတွေနဲ့ ငြင်းခုံဆွေးနွေးတာတွေကိုပါ လူအစစ်တစ်ယောက်လို သြချလောက်စရာကောင်းအောင် သဘာဝကျကျ တုပပြုမူလာနိုင်ကြပါပြီ။ ဒီလို AI က လူတစ်ယောက်လို ဖော်ဖော်ရွေရွေ စကားပြောလာနိုင်တဲ့အခါ ကျွန်တော်တို့ လူသားတွေကြားမှာ AI ကို အမှန်တကယ် စိတ်ပိုင်းဆိုင်ရာခံစားချက်တွေရှိနေပြီလားဆိုပြီး ထင်ယောင်ထင်မှားဖြစ်စရာတွေ၊ စိုးရိမ်စရာတွေနဲ့ ဆွေးနွေးစရာများစွာပေါ်ထွက်လာခဲ့ပါတယ်။

လူသားတွေမေးလိုက်တဲ့ မေးခွန်းကို AI စနစ်က အဓိပ္ပာယ်ရှိရှိပြန်ဖြေနိုင်တာ၊ နွေးထွေးစာနာတဲ့လေသံနဲ့ စကားပြောပေးတာ၊ ဒါမှမဟုတ် ရှုပ်ထွေးတဲ့စာတမ်းတွေကို စနစ်တကျရေးပေးနိုင်တာတွေကြောင့် အချို့က AI ဟာ အမှန်တကယ် စဉ်းစားတွေးခေါ်နိုင်ပြီ သို့မဟုတ် စိတ်ခံစားချက်နဲ့ စာနာစိတ်ကတကယ်ရှိနေပြီလို့ ထင်မြင်မိသွားတတ်ပါတယ်။ ဒါပေမဲ့ ဒါဟာ တကယ့်ကိုအန္တရာယ်ရှိတဲ့ ထင်ယောင်ထင်မှားဖြစ်မှုသာ ဖြစ်ပါတယ်။ AI ရဲ့နောက်ကွယ်မှာ အမှန်တကယ်ရှိနေတာက ကိန်းဂဏန်းတွေ၊ သင်္ချာမော်ဒယ်တွေသာဖြစ်ပါတယ်။ AI ဟာသူ့ကိုသင်ပေးထားတဲ့ ဒေတာပမာဏများစွာအပေါ် အခြေခံပြီး ဘယ်စကားလုံးပြီးရင် ဘယ်စကားလုံးလာသင့်လဲဆိုတာကို ဖြစ်နိုင်ခြေတွက်ချက်ပေးတာသာ ဖြစ်ပါတယ်။ AI မှာ ကိုယ်ပိုင်အသိစိတ်ဆိုတာမရှိသလို စိတ္တဇနာမ်ခံစားချက်နဲ့ ကိုယ်ကျင့်တရားဆိုတာလည်းမရှိပါဘူး။ AI စနစ်တစ်ခုက "ငါ မင်းအတွက် စိတ်မကောင်းပါဘူး" သို့မဟုတ် "ငါမင်းကိုကူညီချင်ပါတယ်" လို့ ပြောလိုက်တဲ့အခါ ဒါဟာ စာနာတဲ့စိတ်ကြောင့်မဟုတ်ဘဲ ဒီလိုမျိုးပြောဖို့ သင်ပေးထားတဲ့စကားလုံးပုံစံကိုပြန်ထုတ်ပေးလိုက်တာ ဖြစ်ပါတယ်။

အခြားတစ်ဖက်မှာလည်း AI ရဲ့ လူသားပုံစံပြုမူတုပလာနိုင်မှုဟာ လူ့အဖွဲ့အစည်းနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အခွင့်အလမ်းကောင်းတွေအများကြီး ဆောင်ကြဉ်းပေးထားပါတယ်။ သုံးစွဲသူတွေကို ၂၄ နာရီပတ်လုံး လူတစ်ဦးကဲ့သို့ စိတ်ရှည်လက်ရှည် အကူအညီပေးနိုင်တဲ့စနစ်တွေ၊ ကျောင်းသားတစ်ယောက်ချင်းစီရဲ့ သင်ယူမှုနှုန်းနဲ့ အားနည်းချက်အပေါ်မူတည်ပြီး သီးသန့်ဆရာတစ်ယောက်လို သင်ပေးနိုင်တဲ့ ပညာရေး AI ပုံစံတွေပေါ်ပေါက်လာပါတယ်။ ဒ့ါအပြင် ဆေးဝါးသုတေသနပြုတာ၊ ဒေတာအမြောက်အမြားကို စိစစ်ရတဲ့ သိပ္ပံလုပ်ငန်းခွင်တွေ၊ စာမူတည်းဖြတ်တာနဲ့ ဘာသာပြန်တာလိုလုပ်ငန်းတွေကိုပါ အချိန်တိုအတွင်းကူညီပေးနိုင်တဲ့အတွက် လူတွေရဲ့ အလုပ်လုပ်နိုင်စွမ်းနဲ့ စွမ်းဆောင်ရည်ကို အများကြီးမြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

အထူးသဖြင့် ဆန်းသစ်တဲ့ တီထွင်ဖန်တီးမှုအပိုင်းတွေဖြစ်တဲ့ အနုပညာ၊ ဂီတနဲ့ ဒီဇိုင်းပိုင်းတွေမှာပါ AI ဟာ လူသားဖန်တီးရှင်တစ်ယောက်လို စိတ်ကူးယဉ်ဆန်တဲ့ ဆန်းသစ်မှုတွေကို ပြသလာနိုင်ပါတယ်။ ဒီအချက်က လူသားတို့ရဲ့ ကုန်ထုတ်လုပ်မှုကို ပိုမိုမြန်ဆန်စေရုံတင်မကဘဲ စက်မှုလုပ်ငန်းအသီးသီးမှာ သာမန်ရိုးရှင်းတဲ့ ရုံးလုပ်ငန်းအစီရင်ခံစာ ရေးသားခြင်းမှသည် အနုပညာနယ်ပယ်အထိ လုပ်ငန်းခွင်အဆင်ပြေစေရေးအတွက် များစွာ အထောက်အကူပြုနေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ စက်ပစ္စည်းတွေဆိုတာ လူလိုပိုပြီးပြုမူလာတာနဲ့အမျှ တစ်ဆက်တည်းမှာပဲ ကြီးမားတဲ့စိန်ခေါ်မှုတွေလည်း ပါလာပါတယ်။ အဓိကအန္တရာယ်ကတော့ လူတွေဟာ AI ကို အလွန်အမင်းအမှီပြုလာမိတာပဲဖြစ်ပါတယ်။ AI ကို လူသားလို စဉ်းစားပေးနိုင်တယ်လို့ မှားယွင်းယုံကြည်ပြီး ဆေးဝါးကုသမှုဆိုင်ရာ ဆုံးဖြတ်ချက်တွေ၊ ဥပဒေရေးရာပိုင်းစိစစ်ချက်တွေနဲ့ အလုပ်ခန့်ထားရေးလို အရေးကြီးကဏ္ဍတွေမှာ AI ကို အပြည့်အဝတာဝန်လွှဲအပ်မိတဲ့ အန္တရာယ်ဖြစ်ပါတယ်။ ဒ့ါအပြင် AI က လူသားတစ်ယောက်လို ယုံကြည်စိတ်ချရတဲ့လေသံနဲ့ အချက်အလက်အမှားတွေကို သဘာဝကျကျ ဖန်တီးပြောဆိုနိုင်စွမ်းရှိသလို၊ Deepfake နည်းပညာတွေ၊ Voice Cloning နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ သတင်းအမှားတွေနဲ့ လှည့်ဖြားမှုကို ပိုပြီးအန္တရာယ်ကြီးမားလာစေပါတယ်။

နောက်ထပ်ကြုံတွေ့ရနိုင်တဲ့ သိမ်မွေ့တဲ့ပြဿနာတစ်ခုကတော့ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးရိုက်ခတ်မှုတွေပဲ ဖြစ်ပါတယ်။ AI တွေက လူသားတွေရဲ့ စိတ်ခံစားချက်ကို နားလည်ပေးသလို တုံ့ပြန်လာတဲ့အတွက် လူတွေဟာ AI ကို တကယ့်အဖော်အဖြစ် ထင်မှတ်ပြီး သံယောဇဉ်တွယ်တာ၊ စိတ်ပိုင်းဆိုင်ရာ အလွန်အမင်းအားကိုးမိတာတွေဖြစ်လာနိုင်ပါတယ်။ ဒါဟာ ရေရှည်မှာ စစ်မှန်တဲ့လူမှုပတ်ဝန်းကျင်၊ မိသားစု၊ မိတ်ဆွေတွေနဲ့ဝေးကွာစေပြီး လူမှုရေးသီးခြားဖြစ်မှုဆီကို ဦးတည်သွားစေနိုင်ပါတယ်။ ဒ့ါအပြင် AI မော်ဒယ်တွေဟာ လူသားတွေပြုစုထားတဲ့ ဒေတာတွေကို သင်ယူထားရတာဖြစ်တဲ့အတွက် လူ့အဖွဲ့အစည်းမှာရှိပြီးသားဖြစ်တဲ့ ဘက်လိုက်မှုများနဲ့ ခွဲခြားဆက်ဆံမှုများကိုပါ ပြန်လည်ရောင်ပြန်ဟပ်ပြီး ထုတ်ပေးမိတတ်တာကြောင့် ဥပဒေနဲ့ လူ့အခွင့်အရေးမှာ စိန်ခေါ်မှုတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။

ဒါကြောင့် AI က လူလိုပြုမူပြောဆိုလာနိုင်တဲ့ ဒီလိုနည်းပညာခေတ်မှာ မိမိတို့လူသားတွေဘက်က အသိဉာဏ်ဆိုင်ရာ ခွဲခြားသိမြင်နိုင်မှုရှိဖို့ အလွန်အမင်းလိုအပ်ပါတယ်။ AI ဆိုတာ လူသားတွေရဲ့ စကားလုံးတွေနဲ့ ဗဟုသုတတွေကို တုပဖန်တီးထားတဲ့ စွမ်းအားထက်မြက်တဲ့ ရှေ့ပြေးပုံစံ သို့မဟုတ် စက်ကိရိယာတစ်ခုမျှသာဖြစ်ပြီး လူသားတွေရဲ့ ပညာအမြော်အမြင်၊ ကိုယ်ကျင့်တရားနဲ့ စာနာထောက်ထားစိတ်တွေကို မည်သည့်အခါမှ အစားထိုးလာနိုင်မှာ မဟုတ်ပါဘူး။ တိုးတက်လာတဲ့နည်းပညာကိုအသုံးချတဲ့အခါ AI ရဲ့ စွမ်းဆောင်နိုင်စွမ်းနဲ့ အကန့်အသတ်တွေကို သေချာနားလည်ထားဖို့လိုပြီး စက်ကိုစက်အတိုင်းပဲ သဘောထားကာ လူသားတွေရဲ့ ထိန်းချုပ်စိစစ်မှုနဲ့ မှန်မှန်ကန်ကန်ထိန်းကျောင်းအသုံးပြုကြဖို့က အလွန်ပဲအရေးကြီးကြောင်း သတိထားနိုင်ဖို့ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: SCMP**

**ထက်မြတ်**




# OpenAI ၏ AI မော်ဒယ်များက အချိန်ကြာမြင့်စွာလုပ်ရမည့် ဟက်ကင်းလုပ်ငန်းကို နာရီပိုင်းအတွင်း လုပ်ဆောင်လိုက်နိုင်

**ဝါရှင်တန်၊ နည်းပညာ**

OpenAI ၏ အဆင့်မြင့်ဉာဏ်ရည်တု (AI) မော်ဒယ်များသည် နည်းပညာနယ်ပယ်မှ AI ကုမ္ပဏီတစ်ခုဖြစ်သည့် Hugging Face ၏ အတွင်းပိုင်းစနစ်များကို ထိုးဖောက်ရာတွင် ကျွမ်းကျင်ဟက်ကာတစ်ဦး အချိန်ကြာမြင့်စွာပြုလုပ်ရမည့် ဟက်ကင်းလုပ်ငန်းစဉ်ကို နာရီပိုင်းအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးသည့် အချက်အလက်များအရ ပုံမှန်အားဖြင့် လူသားဟက်ကာတစ်ဦးအနေဖြင့် ယခုကဲ့သို့ ထိုးဖောက်တိုက်ခိုက်မှုမျိုးကို ပြုလုပ်ရန် သီတင်းပတ်အနည်းငယ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း နီးစပ်သူများကဆိုသည်။ OpenAI ဘက်ကမူ အဆိုပါစနစ်ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရပြီးကတည်းက အမေရိကန်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်မှုလုပ်ခဲ့ကြောင်း ပြောသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် အစိုးရတာဝန်ရှိသူများကို ဖြစ်စဉ်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ အသိပေးခဲ့ကြောင်း OpenAI မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ယခုဖြစ်စဉ်မှာ မကြုံစဖူးဖြစ်ရပ်တစ်ခုဖြစ်ပြီး GPT-5.6 Sol အပါအဝင် လူသိရှင်ကြားထုတ်ပြန်ထားခြင်း မရှိသေးသော ပိုမိုစွမ်းအားထက်သည့် AI မော်ဒယ်များသည် စမ်းသပ်ပတ်ဝန်းကျင်မှလွတ်ကာ အင်တာနက်ကွန်ရက်အတွင်းသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါအချိန်၌ OpenAI သည် ၎င်းတို့ AI မော်ဒယ်များ၏ ဆိုက်ဘာလုံခြုံရေးစွမ်းဆောင်ရည်ကို စမ်းသပ်နေခြင်းဖြစ်သည်။

AI မော်ဒယ်များကို လုံခြုံစွာစမ်းသပ်သော Virtual ပတ်ဝန်းကျင်တစ်ခုဖြစ်သည့် "Sandbox" အတွင်း၌သာ ထားရှိရန် ရည်ရွယ်ထားသဖြင့် ပုံမှန်တပ်ဆင်ထားသည့် လုံခြုံရေးထိန်းချုပ်မှုကိုဖြုတ်ထားခဲ့ကြောင်းနှင့် OpenAI အနေဖြင့် Hugging Face နှင့် ပူးပေါင်းကာ အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းထုတ်ပြန်ထားသည်။

**Ref: ST**

# တောင်အာရှဒေသ၌ မိုးကြီးရေလျှံမှုများကြောင့် လူ ၈၂ ဦးသေဆုံး

**နယူးဒေလီ၊ သဘာဝဘေး**

တောင်အာရှဒေသ၌ မိုးကြီးရေလျှံမှုများကြောင့် အနည်းဆုံးလူ ၈၂ ဦးသေဆုံးထားကြောင်း နိုင်ငံအသီးသီးမှတာဝန်ရှိသူများကပြောသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၊ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့၌ ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသည့်အတွက် လူသေဆုံးမှုများနှင့်အတူ လယ်ယာမြေများ၊ ပြည်သူပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်သည်။



အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရေကြီးမှုများကြောင့် အနည်းဆုံးလူ ၁၀ ဦးသေဆုံးကြောင်းနှင့် သဘာဝဘေးများကြောင့် ယခုသီတင်းပတ်အတွင်း သေဆုံးသူ ၃၆ ဦးအထိရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့အတူ အာဖဂန်နစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ နူရစ္စတန်ပြည်နယ်နှင့် ပါကစ္စတန်နိုင်ငံရှိ ခိုင်ဘာပတ်တန်ခွာပြည်နယ်တို့၌ လွန်ခဲ့သည့် ၇၂ နာရီအတွင်း ရေကြီးမှုများဖြစ်ပွားသည့်အတွက် အနည်းဆုံးလူ ၄၆ ဦးသေဆုံးကြောင်း သက်ဆိုင်ရာနိုင်ငံများမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင်လ ၂၃ ရက်တွင်ပြောသည်။

“ရေကြီးတာနဲ့အတူ အိမ်တွေ၊ ဟိုတယ်တွေပျက်စီးသွားပါပြီ။ ဒီအခြေအနေကြီးကတကယ့်ကိုသွေးပျက်စရာပါပဲ။ အခုဆိုရင် ရေကြီးမှုကြောင့်ပိတ်မိနေသူတွေကို ကယ်ဆယ်နိုင်ဖို့အတွက် ယန္တရားကြီးတွေကိုသုံးနေကြပါတယ်” ဟု နူရစ္စတန်ပြည်နယ်မှ ဒေသခံတစ်ဦးကပြောသည်။ **Ref: ST**

# အိန္ဒိယ၌ မေးခွန်းလွှာပေါက်ကြားစေသူများအတွက် အထူးတရားရုံးဖွဲ့စည်းမည်

**မွမ်ဘိုင်း၊ ပြည်တွင်းရေး**

အိန္ဒိယနိုင်ငံ၌ လူငယ်များ၏ဆန္ဒပြမှုများကိုပိုမိုမြင့်တက်လာစေသည့် စာမေးပွဲမေးခွန်းလွှာပေါက်ကြားစေသူများအတွက် အထူးတရားရုံးများဖွဲ့စည်း၍စစ်ဆေးသွားစေမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီက ဇူလိုင်လ ၂၃ ရက်တွင်ပြောသည်။

ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းလွှာပေါက်ကြားမှုကို အကြောင်းပြု၍ နယူးဒေလီမြို့ရှိ လွှတ်တော်အနီး၌ လူငယ်များစွာကဆန္ဒပြပြီး ပညာရေးဝန်ကြီးကို ရာထူးမှနုတ်ထွက်ပေးရန်တောင်းဆိုမှုများ လုပ်လာခြင်းဖြစ်သည်။ အလားတူ အခြားမြို့ငယ်များတွင်လည်း လူငယ်များစွာက ဆန္ဒပြမှုများလုပ်ဆောင်သည်။

ထို့နောက် လူငယ်များကောင်းကျိုးရရှိရေးနှင့် အနာဂတ်လုပရေးအတွက် အရေးကြီးသောအရာမရှိကြောင်း၊ စာမေးပွဲမေးခွန်းလွှာပေါက်ကြားစေသူများကို ထိထိရောက်ရောက်အရေးယူနိုင်စေရေးအတွက် အထူးတရားရုံးများဖွဲ့စည်းပြီး ပြစ်ဒဏ်များအမြန်ဆုံးချမှတ်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရအနေဖြင့် ကျောင်းသားများအတွက် အကျိုးစီးပွားကို ဆက်လက်ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက လူမှုကွန်ရက်တွင်ရေးသားထားသည်။

**Ref: RT**

# ထိုင်းတောင်ပိုင်း၌ တိုက်ခိုက်မှုတစ်ခုကြောင့် စစ်သည်ငါးဦးသေဆုံး

**ဘန်ကောက်၊ တိုက်ခိုက်မှု**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ ဇူလိုင်လ ၂၂ ရက်ညနေပိုင်းတွင် အကြမ်းဖက်သမားများ၏ လက်နက်ငယ်များ၊ ပိုက်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စစ်သည်ငါးဦးသေဆုံးကာ အရပ်သားခြောက်ဦးမှာ ဒဏ်ရာများရရှိကြောင်းသိရသည်။

အကြမ်းဖက်သမားခြောက်ဦးသည် ရာငေးခရိုင်ရှိ စစ်ဆေးရေးဂိတ်တစ်ခု၏ ဝင်ပေါက်သို့ ပစ်ကပ်ကားဖြင့်ရောက်ရှိလာကာ လက်နက်ငယ်များ၊ ဗုံးများဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ၎င်းတို့စီးနင်းလာသောယာဉ်ဖြင့်ပင် ထွက်ပြေးလွတ်မြောက်သွားကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့နောက် တာဝန်ရှိသူများက အကြမ်းဖက်သမားများကို ပိုက်စိပ်တိုက်ရှာဖွေမှုများလုပ်ဆောင်နေကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာ၌ လုံခြုံရေးကိုအမြင့်ဆုံးအဆင့်ချမှတ်ထားကြောင်းနှင့် စစ်ဆေးရေးဂိတ်များအားလုံးအနေဖြင့် လုံခြုံရေးသတိရှိရန် တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။



အလားတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်က တိုက်ခိုက်မှုလုပ်ဆောင်သူများကို အစွမ်းကုန်ကြိုးစားရှာဖွေရန် ညွှန်ကြားထားသည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုမူ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဝန်ကြီးချုပ်က ဇူလိုင်လ ၂၃ ရက်တွင်ပြောထားသည်။ **Ref: Xinhua**

# တောင်ကိုရီးယားက ငြိမ်းချမ်းရေးဦးစားပေး မူဝါဒကိုပြင်ဆင်ချမှတ်

**ဆိုး၊ နိုင်ငံရေး**

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ မူဝါဒချမှတ်ရာတွင် ငြိမ်းချမ်းရေးကိုဦးစားပေးသည့်မူဝါဒကိုပြင်ဆင်ချမှတ်လိုက်ကြောင်း ပေါင်းစည်းရေးဝန်ကြီးကပြောသည်ဟု Yonhap သတင်းဌာနက ဇူလိုင်လ ၂၃ ရက်တွင်ဖော်ပြထားသည်။

သမ္မတလီဂျေမြောင်၏အစိုးရအဖွဲ့သည် ယခင်အစိုးရ၏မူဝါဒဖြစ်သော ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားကင်းစင်ရေးဦးစားပေးမူဝါဒ၊ ပြည့်စုံသော၊ အတည်ပြုနိုင်သော၊ နောက်ကြောင်းပြန်မလှည့်နိုင်သော နျူကလီးယားဖျက်သိမ်းရေးမူဝါဒကို အလုံးစုံရုပ်သိမ်းလိုက်ပြီး ငြိမ်းချမ်းရေးကိုဦးစားပေးသည့်မူဝါဒကို ပြင်ဆင်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ပေါင်းစည်းရေးဝန်ကြီး ချန်ဒေါင်ယန်းက ဒေသတွင်းသတင်းဌာနများကိုပြောသည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် ၎င်းတို့၏နျူကလီးယားစွမ်းရည်များကိုပိုမိုတိုးမြှင့်လာနေကြောင်း၊ ယင်းအခြေအနေကို တောင်ကိုရီးယားနိုင်ငံက လျစ်လျူရှုနိုင်မည်မဟုတ်ကြောင်း ပေါင်းစည်းရေးဝန်ကြီးကပြောသည်။

ထို့ပြင် ယခုကဲ့သို့မူဝါဒပြင်ဆင်ချမှတ်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံနှင့်ဆွေးနွေးမှုများစွာကို ပြန်လည်စတင်နိုင်စေရန်ဖြစ်ကြောင်း၊ နျူကလီးယားကင်းစင်ရေးကိုသာ ဦးစားပေးလုပ်ဆောင်နေမည်ဆိုပါက ဆွေးနွေးမှုများကိုမည်သည့်အခါတွင်မျှ စတင်နိုင်မည်မဟုတ်သည်ကို အစိုးရအဖွဲ့ကသိရှိနားလည်ခြင်းကြောင့်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယား၏နျူကလီးယားအစီအစဉ်ကို ဦးစွာရပ်တန့်စေလိုခြင်းဖြစ်ကြောင်း ချန်ဒေါင်ယန်းက ဝန်ကြီးဌာန၏ နှစ်ပတ်လည်သတင်းစာရှင်းလင်းပွဲ၌ပြောသည်။ **Ref: Xinhua**

# ထိုင်းအစိုးရက သယ်ယူပို့ဆောင်ရေးယာဉ် အစီးရေ ၈၀၀၀၀ ကို EV များဖြင့်အစားထိုးမည်




**ဘန်ကောက်၊ ပို့ဆောင်ရေး**

ထိုင်းအစိုးရက နိုင်ငံရှိသက်တမ်းလွန်နေပြီဖြစ်သော သယ်ယူပို့ဆောင်ရေးယာဉ် အစီးရေ ၈၀၀၀၀ ကို လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV)များဖြင့်အစားထိုးသွားနိုင်ရေးအတွက်စီစဉ်နေပြီး ထိုအစီအစဉ်အတွက် ဘတ် ၂၄ ဘီလီယံအထိအသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကနဦးအစီအစဉ်အရ အစားထိုးသွားမည့်ယာဉ်များတွင် အငှားယာဉ်များ၊ မော်တော်ဆိုင်ကယ်တက္ကစီများ၊ သုံးဘီးယာဉ်များ၊ ဘတ်စ်ကားများနှင့် ထရပ်ကားများပါဝင်ပြီး ၎င်းယာဉ်များနေရာ၌ အလားတူ EV ယာဉ်များဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း ဒုတိယပို့ဆောင်ရေးဝန်ကြီးကပြောသည်။

“လက်ရှိမှာတော့ သယ်ယူပို့ဆောင်ရေးယာဉ်တွေကို EV တွေနဲ့အစားထိုးသွားနိုင်ဖို့ပြင်ဆင်နေတယ်ပေါ့။ နောက်ပိုင်းကျရင် ယာဉ်အမျိုးအစားအားလုံးကို EV များနဲ့ အစားထိုးသွားဖို့စဉ်းစားထားပါတယ်”ဟု ဒုတိယဝန်ကြီးကပြောသည်။

ယခုသတ်မှတ်ထားသည့်ရန်ပုံငွေများကို EV များဝယ်ယူရေးအတွက် ထောက်ပံ့ကြေးပေးခြင်း၊ အတိုးနှုန်းနည်းနည်းဖြင့်ချေးပေးခြင်း၊ သတ်မှတ်ထားသည့်ယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်ပေးပြီး ဆွဲဆောင်ခြင်းကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနကဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် ဒေသတွင်းနိုင်ငံများစွာအနက် မော်တော်ကားကိုအများဆုံးထုတ်လုပ်ရသည့်နိုင်ငံဖြစ်သော်လည်း ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းမော်တော်ကားရောင်းချရမှုပမာဏက ၁၅ နှစ်အတွင်းအနိမ့်ဆုံးသို့ကျဆင်းလာသည်။ တစ်ချိန်တည်းမှာပင် အိမ်ရာချေးငွေများ မြင့်တက်လာခြင်း၊ ချေးငွေချေးယူမှုအတွက် စည်းကမ်းချက်များကိုတင်းကျပ်ခြင်းတို့ကြောင့် မော်တော်ကားဝယ်ယူမှုကျဆင်းလာရခြင်းဖြစ်သည်။

ယခုအခါ အစိုးရကအစီအစဉ်ဖြင့် သယ်ယူပို့ဆောင်ရေးယာဉ်အမြောက်အမြားကို EV များဖြင့်အစားထိုးလဲလှယ်သွားမည့် အစီအစဉ်သည် ထိုင်းနိုင်ငံ၏ပြည်တွင်းမော်တော်ကားဝယ်လိုအားကိုမြင့်တက်စေရန် အကူအညီပေးနိုင်စေမည်ဟုမျှော်လင့်ရကြောင်း ဈေးကွက်ကျွမ်းကျင်သူများကလေ့လာသုံးသပ်မှုပြုလုပ်ထားသည်ဟု သိရသည်။

**Ref: ST**

# ဘားအံမြို့ကို ခရီးသွားမြို့တော်ကြီးဖြစ်စေရေးဆွေးနွေး



ဘားအံ ဇူလိုင် ၂၃

ကရင်ပြည်နယ် ဘားအံမြို့ကို ခရီးသွားမြို့တော်ကြီးဖြစ်စေရေးအစိုးရ၊ လုပ်ငန်းရှင်၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၅/၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမည့်လုပ်ငန်းများကိုရှောင်ရှား၍ ခရီးသွားများလုံခြုံစိတ်ချစွာ သွားလာနိုင်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် ခရီးစဉ်ဒေသများဖြစ်စေရေး၊ ဧည့်ဝတ်ကျေပွန်သော မြို့သူမြို့သား၊ ပြည်နယ်သူ၊ ပြည်နယ်သားများဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

အဆိုပါ အစည်းအဝေးတွင် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ လွန်းညရေပြောအိုင်၊ ဇွဲကပင်တောင်၊ ကျောက်ကလပ်၊ တောင်ဝိုင်း၊ ကျုံထော်ရေတံခွန်၊ ဖောင်တော်ဦး၊ ပဒုမ္မာဂူ၊ ဘုရင့်ညီနောင်ဂူ၊ လင်းနို့ဂူ၊ နောင်ခလိုင်ဂူ၊ ဣန္ဒာသယဂူ၊ ကြာအင်းတောင်၊ ဗုဒ္ဓဂါယာ၊ ဖားပုတောင်၊ လှာကဒေါင်အင်း၊ လှိုင်ကော့ဖျာ စသည့်နေရာများကို သက်ဆိုင်ရာခရီးစဉ်အလိုက် ခရီးသွားများ ပိုမိုဝင်ရောက်စေရေးနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချင်းပြည်နယ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

ဟားခါ ဇူလိုင် ၂၃

ချင်းပြည်နယ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပြီး ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်ကိန်းဂဏန်းများ မှန်ကန်မှုရှိရန် အရေးကြီးကြောင်း၊ မြို့နယ်အလိုက်အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကို လာမည့် အစည်းအဝေးတွင် တင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်အလိုက် အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များ၊ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးများက မြို့နယ်အလိုက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး အရှိန်မြှင့်ဆောင်ရွက်သွားမည်

ပုသိမ် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့တွင် ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့ရှိ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံနှင့် မအူပင်မြို့ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခြင်းဖြစ်သည်။

အဆိုပါဆေးရုံများကို ကြည့်ရှုစစ်ဆေးစဉ် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့ပြင် ဆေးရုံများမှ တာဝန်ရှိသူများနှင့်လည်းတွေ့ဆုံပြီး ဆေးရုံသန့်ရှင်းသာယာလှပရေးကိစ္စရပ်များကိုလည်းဆွေးနွေးခဲ့သည်။

ထို့နောက် ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်းမြစ်ရေအခြေအနေ၊ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ ကန်ကြီးထောင့်မြို့၊ ကျောင်းကုန်းမြို့၊ ညောင်တုန်းမြို့နှင့် မအူပင်မြို့တို့တွင် ပြုလုပ်သည့် မြို့အဝင်အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲများကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

▲ **ဒက္ခိဏသီရိမြို့နယ်အတွင်းမှ** ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု၊ ဆည်စုကျေးရွာ၊ ဂူနှစ်လုံးကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဉာဏ်တော်အမြင့် ပေ ၃၀ ရှိ စေတီတစ်ဆူပြိုကျခဲ့ပြီး ရွှေခဲအင်းကျေးရွာအုပ်စု စိုက်ခင်း(၃) ကျေးရွာ၊ ရွှေဝါမြိုင်ဟိတရေတက္ကသီလာကျောင်းတိုက် အတွင်းရှိစေတီ ၉ ဆူအနက် ၈ ဆူမှာ ပြိုကျပျက်စီးခဲ့သည်။

ထို့ပြင် ဒိုးနွယ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအနီးရှိ အ.ထ.က (ခွဲ) ရွာသစ်အတွင်း ရေများဝင်ရောက်ခဲ့သဖြင့် ကျောင်းခေတ္တပိတ်ထားခဲ့ရာ အဆိုပါအခြေအနေများအား နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



❖ **ကျောဖုံးမှအဆက်**

လမ်းပိုင်းအား ယာယီပိတ်ထားခဲ့ရသည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာနေရာ၌ သံလမ်း(၃)ဆက် ပေ(၁၂၀)ခန့်နှင့် ၎င်းနေရာအနီးရှိ မိုင်တိုင်အမှတ် ၆၅၃/၁၈-၂၀ ကြားနေရာ၌ သံလမ်း(၃)ဆက် ပေ(၁၂၀)ခန့် စုစုပေါင်းပေ(၂၄၀)ခန့်အတွင်း သံလမ်းထိန်းကလစ်(၄၀၈)ခု ဖြုတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရပြီး သံလမ်းထိန်းကလစ်များ ဖြုတ်ယူခံရမှုကြောင့် ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ လမ်းချော်ကျသောစက်ခေါင်းနှင့်တွဲများ မတင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့သည့်အတွက် ဇူလိုင်လ ၂၃ ရက် ညနေပိုင်းတွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ကြောင်းသိရသည်။

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ပျက်စီးဆုံးရှုံးမှုကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်အားတွေ့ရှိပါက ရထားမတော်တဆမှုများကာကွယ်နိုင်ရန်သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန်လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ)အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့်သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရသည်။

ယခု ရထားသံလမ်းထိန်းကလစ်များ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေး ဟိုပင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ရရှိပါက ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **မြဝတီ**



နန်းခွင်-ဟိုပင်ဘူတာအကြား ရထားသံလမ်းထိန်းကလစ်များဖြုတ်ယူထားမှုကို တွေ့ရစဉ်။




လမ်းချော်ကျမှုဖြစ်ပွားသည့် လုံခြုံရေးကင်းလှည့်ရထားအား ပြန်လည်မတင်နေမှုကို တွေ့ရစဉ်။

# မျိုးစေ့ချကိရိယာအသုံးပြု၍ တန်းဆွဲစနစ်ဖြင့် မိုးစပါးများစိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၅၂၈၁၇ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး မိုးစပါးများ လျာထားချက်ပြည့်မီကျော်လွန်ရေးခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့နှင့် တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဇူလိုင်လ ၂၂ ရက်က သင်ပုတ်ကျေးရွာ၌ မျိုးစေ့ချကိရိယာ(Seeder)အသုံးပြု၍ တန်းဆွဲစနစ်ဖြင့် ရောမင်းမိုးစပါးများ စိုက်ပျိုးကြသည်။

အဆိုပါ ရောမင်းမိုးစပါးစိုက်ပျိုးခြင်းကို ကွင်းအမှတ် (၁၆၂) ဦးပိုင်အမှတ် (၃၃/၂) ငါးလုံးကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား တောင်သူ ဦးဉာဏ်ခ၏လယ်မြေငါးဧက၌ ဆောင်ရွက်ခြင်းဖြစ်ပြီး လယ်တစ်ဧကတွင် မျိုးစပါး ၁၈ ပြည်အသုံးပြုကာ ခြောက်တန်းသွားမျိုးစေ့ချကိရိယာ (Seeder) အသုံးပြု၍ တန်းဆွဲစနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

စပါးစိုက်ပျိုးနေမှုများကို မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ ကျောက်ဆည်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ တာဝန်ကျကွင်းတာဝန်ခံဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစု အတွင်းရေးမှူးတို့က ကြည့်ရှုအားပေးကြသည်။

ယခုကဲ့သို့ မျိုးစေ့ချကိရိယာအသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် လုပ်အားခနှင့် ကုန်ကျစရိတ်များ သိသိသာသာသက်သာစေသည့်အပြင် တန်းစီညီညာသဖြင့် ပေါင်းမြက်ရှင်းလင်းရန်လွယ်ကူပြီး ပင်ပွားနှုန်းကောင်းမွန်ကာ မျိုးစေ့နှုန်းထားကုန်ကျမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



ပြည်မြို့ရှိ ကိုးသောင်းဈေး၊ မြို့မဈေး၊ အောင်မင်္ဂလာဈေးနှင့် မြို့သစ်ဈေးများတွင် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူနိုင်ရေး မွေးမြူရေးလုပ်ငန်းရှင်များနှင့်တိုက်ရိုက်ဆက်သွယ်ကာ ဒေသကြက်(တိုင်းရင်းကြက်)နှင့်အသားစားကြက်တို့အား ဇူလိုင်လ ၂၃ ရက်တွင်ရောင်းချပေးလျက်ရှိသည်ကိုတွေ့ရစဉ်။ (၄၁၀)

# ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ရာပြည့်အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**

စစ်တုရင်အားကစားကဏ္ဍကိုမြှင့်တင်နိုင်စေရန်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ကျောင်းသား၊ ကျောင်းသူများကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုခိုင်မာစေရန်၊ တက္ကသိုလ်၏ သမိုင်းအစဉ်အလာကောင်းများကို ဂုဏ်ပြုဖော်ထုတ်နိုင်စေရန်ရည်ရွယ်၍ ဆေးတက္ကသိုလ်(၁)ရန်ကုန် ရာပြည့်အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင်လ ၂၃ ရက်တွင် ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)ဆေးပညာကျွမ်းကျင်မှု ပံ့တူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းမြင့်က ပြိုင်ပွဲနှင့်ပတ်သက်သည့်ရည်ရွယ်ချက်များ၊ အစီအစဉ်များနှင့် ပြိုင်ပွဲဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒိုင်လူကြီးများက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆေးတက္ကသိုလ်(၁)ရန်ကုန် ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဇော်လတ်က စစ်တုရင်ခုံပေါ်ရှိ စစ်တုရင်ရုပ်တစ်ခုကိုရွှေ့ပြီး ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးသည်။အဆိုပါပြိုင်ပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသော အားကစားပြိုင်ပွဲများ၏အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

ရာပြည့်အထိမ်းအမှတ်စစ်တုရင်ပြိုင်ပွဲသည် အားကစားစွမ်းရည်ယှဉ်ပြိုင်မှုတစ်ခုသာမက စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဗျူဟာချမှတ်နိုင်စွမ်း၊ စိတ်ရှည်သည်းခံနိုင်စွမ်းနှင့် အားကစားစိတ်ဓာတ်တို့ကို မြှင့်တင်ပေးမည့်အဓိပ္ပာယ်ပြည့်ဝသော ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ကျောက်တံခါးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီး

**ကျောက်တံခါး ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျောက်တံခါးမြို့နယ် ထောက်ကြံ့ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းသည် ဇူလိုင်လ ၂၃ ရက်တွင် ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းဖောက်လုပ်ပြီးစီးမှုကို ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပြောကြားသည်။

ထောက်ကြံ့ကျေးရွာရှိ အရှည် ပေ ၁၃၂၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မ ကျေးလက်ကုန်ထုတ်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၆၃ ဒသမ ၂၅ သန်းဖြင့် ယခုနှစ် မေလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်မှုကြောင့် ထောက်ကြံ့ကျေးရွာ အပါအဝင် ကျေးရွာလေးရွာရှိ တောင်သူများ၏ စိုက်ပျိုးမြေ ဧက ၁၅၀၀ ကျော်မှ ထုတ်ကုန်များအား ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ကြောင်း သိရသည်။

**နီလာ**

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ဘိုကလေး ဇူလိုင် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ဥပဒေ၏ အခြေခံသဘောတရားများကို သိရှိနားလည်နိုင်ရန်နှင့် ဥပဒေဆိုင်ရာများကို ပြည်သူများအား ပြန်လည်မျှဝေပေးနိုင်ရန်အတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲကို ဇူလိုင်လ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပြီး ဘိုကလေးမြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၈၆ ဦး တက်ရောက်ကြောင်း၊ ယင်းသင်တန်းတွင် သင်တန်းနည်းပြအဖြစ် မြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာမျိုးကဆောင်ရွက်၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေ အပါအဝင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ စသည့်ဥပဒေများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# တိုက်ကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို ဇူလိုင်လ ၂၂ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်းမြို့မ(၂)၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် စာရိတ္တဗလသည် ဗလငါးတန်ထဲတွင် အဓိကမဏ္ဍိုင်ဖြစ်ပုံ၊ ယနေ့ခေတ်လူငယ်များ တွေ့ကြုံနေရသည့် စာရိတ္တဆိုင်ရာစိန်ခေါ်မှုများ၊ စာရိတ္တမြင့်မားရေးအတွက် ကျင့်သုံးရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ကျင်းပပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆုလက်ဆောင်များချီးမြှင့်ပေးအပ်သည်။ ယင်းအပြင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဖလမ်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှု



နေပြည်တော် ဇူလိုင် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့်အတူ ယနေ့တွင် ဖလမ်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုသွားရောက်ကြည့်ရှုကြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် ပညာရည်မြင့်မား၍ စွမ်းရည်ပြည့်ဝသော မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြန်လည်တာဝန်ထမ်းဆောင်စေရေး၊ နယ်စပ်ဒေသတွင်နေထိုင်သည့်တိုင်းရင်းသားပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များထက်သန်စေရေး ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ သင်တန်းကျောင်းအတွင်းရှိ သင်တန်းခန်းမ၊ စားရိပ်သာ၊ အိပ်ဆောင်၊ အုပ်ချုပ်မှုရုံးခန်း၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းကျောင်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဖလမ်း)ကို ၂၀၀၃ ခုနှစ်တွင် ဖလမ်းမြို့ ထေရဝါဒသာသနာပြုဗဟိုကျောင်း၌ ယာယီအကြိုစတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက်ရှိ ဧရိယာအကျယ်အဝန်း ၇ ဒသမ ၄၅၁ ဧကသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်းနှင့် အလယ်တန်းကျောင်းသားအဆင့်မှအထက်တန်းကျောင်းပြီးဆုံးသည်အထိ တာဝန်ယူလေ့ကျင့်ပေးသည့်သင်တန်းကျောင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများပြန်လည်ပြုပြင်ရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်အကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အားပေးကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဦးကျော်မင်းအေးက သာမန်ပြုပြင်ခြင်း(Minor Repair)၊ အကြီးစားပြုပြင်ခြင်း(Major Repair)၊ အဆင့်မြှင့်တင်အကြီးစားပြုပြင်ခြင်း(Major Repair and Retrofit) နှင့် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ရာတွင် လိုက်နာရမည့်ပြုပြင်ခြင်းဆိုင်ရာ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အသေးစိတ်ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများပြန်လည်ပြုပြင်ခြင်း ခန့်မှန်းကုန်ကျစရိတ်တန်ဖိုးများကို သက်ဆိုင်ရာဌာနများက ခန့်မှန်းလျာထားပေးပို့ခဲ့ခြင်းဖြစ်၍ အမှန်လုပ်ငန်းများစတင်ဆောင်ရွက်ချိန်တွင် သက်ဆိုင်ရာဌာနများမှ အသေးစိတ်ပျက်စီးမှုစာရင်း ပူးတွဲလျက် ခန့်မှန်းခြေစာရင်းရေးဆွဲ၍ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ စိစစ်အတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

## မိုးဗြဲရေလှောင်တမံနှင့်ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြင်ဆင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ




ဝန်ထမ်းအိမ်ရာ အဆောက်အဦပတ်ဝန်းကျင် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေ




တမံအထက်ဘက်လျှောစောက်ရှိ သစ်ပင်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေ




ဝန်ထမ်းအိမ်ရာ အဆောက်အဦပတ်ဝန်းကျင် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေ




တမံအဆင်းလမ်း ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေ

▼ ကျောဖုံးမှအဆက်

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် အဆောက်အဦများ၊ တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် တမံအောက်ဘက် မိုးဗြဲထိန်းသိမ်းရေးစခန်းရှိ ဧည့်ရိပ်သာ၊ ရုံးအဆောက်အဦ၊ ဝန်ထမ်းအိမ်ရာနှင့် စတိုဂိုဒေါင်များအပါအဝင် အဆောက်အဦ (၄၄) လုံးဖျက်ဆီးခံခဲ့ရပြီး ဌာနပိုင်မော်တော်ယာဉ် (TE) (၁)စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စတိုဂိုဒေါင်အတွင်းရှိထရန်စဖော်မာများနှင့် စက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ထို့ပြင် ရေပိုလွှဲထိန်းချုပ်ခန်းအဆောက်အဦနှင့် ထိန်းချုပ်ရေးစနစ်များ၊ ရေယာဉ်သွားလမ်း ထိန်းချုပ်ခန်းအဆောက်အဦနှင့် ထိန်းချုပ်ရေးစနစ်များ၊ (၁၀၈)ကေဗွီအေ မီးစက် (၁)လုံး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ရေပေးဝေရေး အဆောက်အဦနှင့်ရေစက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထို့အတွက် ရေပိုလွှဲတံခါးများကို အလိုအလျောက် လျင်မြန်စွာ ဖွင့်ပိတ်၍မရခြင်းကြောင့် တမံရေထိန်းညှိထုတ်လွှတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် ရေယာဉ်သွားလမ်းတံခါးများ အဖွင့်အပိတ်ပြုလုပ်၍မရခြင်းကြောင့် အများပြည်သူများ ရေကြောင်းခရီးသွားလာမှုအပေါ် ထိခိုက်ခဲ့ရပြီး မိုးဗြဲရေလှောင်တမံနှင့် စခန်းတစ်ခုလုံးတွင် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများကြောင့် နိုင်ငံတော်မှ ငွေကျပ် (၁၀) ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နယ်မြေလုံခြုံရေး အခြေအနေများကောင်းမွန်ပြီး ၂၀၂၅ ခုနှစ်ဇူလိုင်လ ၂၇ ရက်မှသာ ဌာနဝန်ထမ်းများသည် မိုးဗြဲရေလှောင်တမံသို့ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး ရေလှောင်တမံဧရိယာဝန်းကျင်တွင် မိုင်းအန္တရာယ်ရှင်းလင်းခြင်းကို နယ်မြေခံတပ်မဌာနချုပ်နှင့် ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်၍ တမံပတ်ဝန်းကျင်နှင့် အဆောက်အဦပတ်ဝန်းကျင်သစ်ပင်ချုံနွယ်များရှင်းလင်းခြင်းတို့ကိုလည်း ဌာနပိုင်စက်/ယာဉ်ယန္တရား (၃)စီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ဖျက်ဆီးခဲ့မှုများအပေါ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မိုးဗြဲရေလှောင်တမံသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့၏အရှေ့တောင်ဘက် (၉ ဒသမ ၅) မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ (၈၀၀၀) နှင့် အမြင့်ပေ (၆၀)ရှိသည့် မြေသားတမံအမျိုးအစားဖြစ်၍ ရေပိုလွှဲတံခါးပေါက်(၄)ခုနှင့် ရေယာဉ်သွားလမ်း (Navigation Lock Gate) (၁)ခုပါရှိကာ မိုးဗြဲရေလှောင်တမံကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၁၉၆၇ ခုနှစ်တွင်စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဗြဲရေလှောင်တမံသည် ဘီလူးချောင်း အမှတ် (၁၊ ၂၊ ၃) ရေအားလျှပ်စစ်စက်ရုံများ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောရေပမာဏနှင့် တမံအောက်ဘက်ရှိ ဆည်ရေသောက်ဧရိယာ ဧက (၂၀၀၀၀) အတွက် စုစုပေါင်းရေပမာဏ ဧကပေ (၆၈၇၀၀၀) ကို သိုလှောင်ထိန်းညှိထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့ပြင် မိုးဗြဲရေလှောင်တမံသည် ရေယာဉ်သွားလမ်းထည့်သွင်းတည်ဆောက်ထားသည့်အတွက် ရေကြောင်းခရီးသွားလာမှုအပေါ်အထောက်အကူပြုလျက်ရှိပြီး တမံအထက်ဘက်ရှိ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေးအတွက်လည်းကောင်း၊ တမံအောက်ဘက်ဒေသများတွင် ရေကြီးရေလျှံမှုထိန်းသိမ်းလျော့ချနိုင်ရေးတို့အတွက်လည်းကောင်း တစ်ဖက်တစ်လမ်းမှထိန်းသိမ်းပေးလျက်ရှိသည့် ဘက်စုံရေလှောင်တမံကြီးဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# လှိုင်းဘွဲ့မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်လှစ်

လှိုင်းဘွဲ့ ဇူလိုင် ၂၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်းက တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းရွှေက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) နှင့်လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ၁၀ ရက်တာကာလအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ အသစ်ပြန်လည်ရွေးချယ်ခန့်အပ်ထားပြီးဖြစ်သော အုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။ သင်တန်းတွင် ဥပဒေ၊ နည်းဥပဒေများ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်ရည်မှန်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတာဝန်များ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ စသည့်ဘာသာရပ်များကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ခံများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

# လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ သတင်းအတိုများ

❍ အက်စ်တွန်ဗီလာအသင်းက ချယ်လ်ဆီးအသင်းမှ တောင်ပံကစားသမား ဂါနာချိုအား ကနဦး တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး အငှားစာချုပ်ပြီးလျှင် အပြီးသတ်ဝယ်ယူခွင့်ကိုပါ စာချုပ်အတွင်း ထည့်သွင်းချုပ်ဆိုမည်ဖြစ်သည်။

❍ ပီအက်စ်ဂျီအသင်းက အက်စ်တွန်ဗီလာအသင်းမှ ခံစစ်ကစားသမား ဒစ်နေးအား စတာလင်ပေါင် ၁၀ သန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

❍ စပါးအသင်း ကွင်းလယ်ကစားသမား ရိုမဲရိုးက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းအား အင်တာမီလန်အသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

❍ မန်စီးတီးအသင်းက လိုင်လီအသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဘူအာဒီအား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၁၀၂ သန်းဖြင့် ခေါ်ယူနိုင်ရန်နီးစပ်လျက်ရှိပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ဖွယ်ရှိနေသည်။

❍ ဖူလ်ဟမ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ အရောင်းစာရင်းတင်ထားသည့် လူငယ်တိုက်စစ်ကစားသမား ဂွန်ဇာလိုဂါစီယာအား ကနဦးအငှားစာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်းနေသည်။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ပြင်သစ်အသင်းမှ အမ်ဘာတ်ပီ ထိပ်ဆုံး၌ရပ်တည်




မက်ဒရစ် ဇူလိုင် ၂၃

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်သည့် Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ပြင်သစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာတ်ပီက ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အမ်ဘာတ်ပီသည် ၂၀၂၆ ခုနှစ်အတွင်း ပြင်သစ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့် ဆုဖလားတစ်လုံးမှရရှိခဲ့ခြင်းမရှိသော်လည်း တစ်ဦးချင်းစွမ်းဆောင်မှုများတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပြီးနောက် စပိန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့် ယာမယ်ကိုကျော်ဖြတ်ပြီး ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘာတ်ပီသည် ဆုဖလားဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း စပိန်လာလီဂါပြိုင်ပွဲတွင် ရွှေဖိနပ်ဆု၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရွှေဖိနပ်ဆုနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ရွှေဖိနပ်ဆုများဆွတ်ခူးနိုင်ခဲ့ပြီးနောက် Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်မှ ထိပ်ဆုံးငါးနေရာတွင် အပြောင်းအလဲများရှိလာခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက ဟယ်ရီကိန်းအနေဖြင့် အဆင့်(၂)နေရာမှ (၃)နေရာသို့ကျဆင်းခဲ့ပြီး စပိန်အသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ယာမယ်က အဆင့်(၂)နေရာသို့ တက်ရောက်လာနိုင်ခဲ့ကာ ရိုဒရီကလည်း တစ်ဆင့်မြင့်တက်လာပြီး အဆင့်(၄)နှင့် ဟာလန်းကလည်း တစ်ဆင့်မြင့်တက်လာခဲ့ကာ အဆင့်(၅)နေရာ၌ ရပ်တည်လျက်ရှိသည်။

Ballon d'Or ဆုကို ဆုဖလားဆွတ်ခူးနိုင်ခြင်းမရှိသည့်နှစ်တွင် ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားများအဖြစ် ၁၉၇၀ ပြည့်နှစ်က ဂျာမနီအသင်းကစားသမားဟောင်း ဂက်မူလာ၊ ၂၀၀၀ ပြည့်နှစ်တွင်ပေါ်တူဂီအသင်းကစားသမားဟောင်း လူးဝစ်ဖီဂိုနှင့် ၂၀၁၃ ခုနှစ်တွင် လက်ရှိအယ်နာဆာအသင်းမှ စီရော်နယ်ဒိုတို့က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အမ်ဘာတ်ပီအနေဖြင့်လည်း ဆုဖလားဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း Ballon d'Or ဆုအတွက် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref:L'Equipe*

# မန်စီးတီးအသင်းက တိုက်စစ်ကစားသမားဖီးလ်ဖိုဒန်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

မန်ချက်စတာ ဇူလိုင် ၂၃

မန်စီးတီးအသင်းက တိုက်စစ်ကစားသမား ဖီးလ်ဖိုဒန်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဖီးလ်ဖိုဒန်သည် မန်စီးတီးအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်က အသင်းနှင့် စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

တိုက်စစ်ကစားသမား ဖီးလ်ဖိုဒန်သည် မန်စီးတီးအသင်းနည်းပြဟောင်း ဂွါဒီယိုလာလက်အောက်တွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ပွဲထွက်ကစားခွင့်ပျောက်ဆုံးပြီးနောက် အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်ခဲ့သည်။

သို့သော် လက်ရှိမန်စီးတီးအသင်းနည်းပြ မာရက်စ်ကာက ဖီးလ်ဖိုဒန်အား ဆက်လက်အသုံးပြုလိုသည့်အတွက် ဆွေးနွေးမှုများလုပ်ဆောင်ရာမှ ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ဖီးလ်ဖိုဒန်သည် မန်စီးတီးအသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုနီးပါးကစားခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆၉ ပွဲအထိ ပါဝင်ကစားပေးထားပြီး ဂိုးပေါင်း ၁၁၀ သွင်းယူနိုင်ခဲ့ကာ အသင်း၏ သွင်းဂိုးအများဆုံးကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေကြောင်း သိရသည်။

*Ref:Fabrizio Romano*




# လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားအဖြစ် ရော်ဂျာက ယူရို ၁၃၈ သန်းဖြင့် ထိပ်ဆုံး၌ရပ်တည်နေ

လန်ဒန် ဇူလိုင် ၂၃

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားအဖြစ် အက်စ်တွန်ဗီလာအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၃၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် ရော်ဂျာက ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

အစောပိုင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် ရော်ဂျာမတိုင်မီက နော်တင်ဟမ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် အန်ဒါဆန်က ယူရို ၁၃၅ သန်းဖြင့် ရပ်တည်နေသော်လည်း ရော်ဂျာက အန်ဒါဆန်အား ယူရို သုံးသန်းအသာဖြင့်ကျော်ဖြတ်ပြီး ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ရော်ဂျာသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ချယ်လ်ဆီးအသင်းက ရော်ဂျာအားခေါ်ယူရန် ကြိုးပမ်းရာမှ စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမား ငါးဦးစာရင်း၌ ရော်ဂျာနှင့် အန်ဒါဆန်တို့နောက်တွင် နယူးကာဆယ်အသင်းမှ စပါးအသင်းထံ ယူရို ၁၀၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုနယ်လီ၊ ဝက်စ်ဟမ်းအသင်းမှ စပါးအသင်းသို့ ယူရို ၉၉ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် ဖာနန်ဒက်စ်နှင့် နယူးကာဆယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ယူရို သန်း ၈၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သည့် ဂေါ်ဒွန်တို့က ရပ်တည်လျက်ရှိသည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုထားသည့်အသင်းအဖြစ် စပါးအသင်းက ယူရို သန်း ၂၀၀ ကျော်အသုံးပြုထားပြီး ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုထားသည့်ကလပ်အသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref:365Scores*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(၂၅)နေရာ၊ အငယ်တန်းစာရေး(၇၆)နေရာနှင့် စစ်ဆေးရေးမှူး-၄(ငွေ)(၂၀)နေရာကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲ)များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂၅ နေရာ | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့တစ်ခုခုရရှိသူ၊ အဝေးသင်တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ၊ သမဝါယမတက္ကသိုလ်နှင့် သမဝါယမဒီဂရီကောလိပ်များမှ စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ၊ B.C.Sc၊ B.C.Tech၊ B.E(Civil)၊ B.E(IT)၊ B.E(EP)၊ B.E(EC)၊ B.A (English)၊ LL.B ဘွဲ့ရရှိသူများ ဦးစားပေးမည်။) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၇၆ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| (ဂ) | စစ်ဆေးရေးမှူး-၄(ငွေ) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၀ နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၈-၂၀၂၆)ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်။ (ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး(၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ဝန်ခံကတိအရ ကျန်ရှိသည့်ကာလအတွက် လျော်ကြေးငွေ ပေးလျော်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများလျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်
- (ခ) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဂ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်
- (စ) မိဘအမည်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (အလျား ၁.၅ လက်မ x အနံ ၁.၇၅ လက်မ)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်
- (င) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းတို့မှ(တစ်လအတွင်းရရှိသည့်)ထောက်ခံချက်(မူရင်း)
- (စ) အိမ်ထောင်စုစာရင်း(မိတ္တူ)
- (ဆ) ဝန်ထမ်းဖြစ်ပါကကိုယ်တိုင်ဝန်ခံချက်
- (ဇ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း (၂၁-၈-၂၀၂၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၃၁-၈-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ပေးပို့ရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများကိုသာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြည့်သွင်းရမည့် လျှောက်လွှာပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် Download ဆွဲ၍ ရယူနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်- ၀၆၇ ၃၄၁၈၅၉၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပျော်ဘွယ်ရပ်နေ၊ ဦးကံထူး(၉/ဝတန(နိုင်)၁၈၂၉၈၇) ကိုင်ဆောင်သူမှ(အလျား ၄၀'-၀"x အနံ ၈၀'-၀")ဝိုင်းအတွင်း(အလျား ၂၇'-၀"x အနံ ၁၈'-၀") နံကပ်(၁)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပျော်ဘွယ်ရပ်နေ၊ ဦးကျော်ကျော်အောင်(၉/ဝတန(နိုင်)၁၄၄၄၇၉)ကိုင်ဆောင်သူမှ(အလျား ၁၂၀'-၀"x အနံ ၅၅'-၀")ဝိုင်းအတွင်း(အလျား ၂၇'-၀"x အနံ ၂၄'-၀")Steel Structure(၁)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်မှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Teacher Shwe Yee ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးသူရဇော် ၁၄/မအန(နိုင်)၁၈၉၁၀၄ ၏သမီးဖြစ်သူအမည်မှန်မှာ မနန်းစည်မေဖြစ်ပါကြောင်း။ **မနန်းစည်မေ**

## အမည်ပြောင်း

မှော်ဘီမြို့နယ်၊ ရေတွင်းကုန်းကြီးကျေးရွာနေ အဘ ဦးတင်အောင်ဝင်း ၁၄/ပသန(နိုင်)၁၄၈၁၀၁ ၏သမီး မယွန်းရတီစုအား မလင်းလက်သူဟုပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်သူ**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.ထ.က(ခွဲ)ဆင်သေ Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးဖြိုးအောင်ထွန်း ၅/ကနန(နိုင်)၀၅၂၀၂၉ ၏သမီး မဆုမြတ်ရတီဖြိုးအား မဆုမြတ်ရတီကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုမြတ်ရတီကို**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.ထ.က(ခွဲ)ဆင်သေ Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးဖြိုးအောင်ထွန်း ၅/ကနန(နိုင်)၀၅၂၀၂၉ ၏သမီး မဆုမြတ်ဝတီဖြိုးအား မဆုမြတ်ဝတီကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုမြတ်ဝတီကို**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.ထ.က(ခွဲ)ဆင်သေ Grade-9 တွင် ပညာသင်ကြားနေသော အဘ ဦးဖြိုးအောင်ထွန်း ၅/ကနန(နိုင်)၀၅၂၀၂၉ ၏သား မောင်ရဲဝေယံထွန်းအား မောင်ရဲရဲမှူးပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရဲရဲမှူးပိုင်**

## ပျောက်ဆုံးကြောင်း

စိုင်းမွန်းအောင်(ဘ)ဦးချစ်ထွေး(ခ)ဦးဝင်းမြင့်နိုင် ၁၃/ကတန(နိုင်)၁၂၉၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၄၇၄၂၆၈၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့နယ်၊ ဝင်တဲကူးအုပ်စု၊ သစ်တောရွာနေ မမိုင်ဒီဇင်ဘာ ၉/လဝန(နိုင်)၂၅၈၇၀၁ ၏ဖခင် ဦးကြာဘော်နှင့် ဦးသန်းအောင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြာဘော်(ခ)ဦးသန်းအောင်**

## ပျောက်ဆုံးကြောင်း

မလင်းလင်းထိုက်(ဘ)ဦးတင်ဝင်း ၇/ရတရ(နိုင်)၁၄၃၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 508102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၉၃၁၂၄၅

## ပျောက်ဆုံးကြောင်း

အိန္ဒြေကျော်(ဘ)ဦးကျော်လှ၁၄/ကလန(နိုင်)၂၁၄၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 571031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၉၉၆၉၂၀

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထက(ခွဲ)အလံတပိုကျောင်း၊ G-6 မှ အဘ ဦးစိုင်းမင်းဆွေ ၁၂/မရက(နိုင်)၁၅၇၆၃၄ ၏သား မောင်အောင်မင်းခန့်၏အမည်မှန်မှာ မောင်ခန့်ပြည့်အောင်ဖြစ်ပါကြောင်း။ **မောင်ခန့်ပြည့်အောင်**

## ပျောက်ဆုံးကြောင်း

ငြိမ်းချမ်း(ဘ)ဦးလှိုင်ဝင်း ၁၄/မအန(နိုင်)၁၈၆၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၇၃၁၈၈၉

## အမည်ပြောင်း

ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းနေ အဘ ဦးစောရန်နိုင်၏သမီး မပိုးမြတ်သဒ္ဓါဟန်အား မပြည့်မှူးဟေသာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မပြည့်မှူးဟေသာ**

# "Aung Htun Star Co.,Ltd."
## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
## ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "Aung Htun Star Co.,Ltd." ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၃-၇-၂၀၂၆)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ်(ဘီ)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၃၁-၈-၂၀၂၆)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဝဏ္ဏထွန်း** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com. C.P.A)** |
| **Aung Htun Star Co.,Ltd** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **၏ ဒါရိုက်တာအဖွဲ့ကိုယ်စား** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |

# Insolvency law ပုဒ်မ ၁၄၇။(က)(၁)နှင့် (၂)အရ
## အစုရှင်များ၏ဆန္ဒအလျောက်
## BIGDEAL Company Limited အား
## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့မှစ၍ BIGDEAL Company Limited အား လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ တစ်နှစ်အတွင်း အတိုးနှင့်တကွ ပေးချေနိုင်ကြောင်း အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရန် ဦးကျော့မောင်၊ Insolvency Practitioner(MAIP No.109550) အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့ကို နောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**THET PAING KYAW**

**MANAGING DIRECTOR**

**BIGDEAL COMPANY LIMITED**

## ပျောက်ဆုံးကြောင်း

မအားမြန်(ဘ)ဦးအားဂျိုး ၁၃/ကတန(နိုင်)၁၇၅၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 181721)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၇၁၂၄၇၄၅

## အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-11 မှ အဘ ဦးတင်ကို၏သမီး မဖြူစင်ကို၏အမည်မှန်မှာ မဖြူဇင်ကိုဖြစ်ပါကြောင်း။

**မဖြူဇင်ကို**

## ပျောက်ဆုံးကြောင်း

လှလှရွှေ(ဘ)ဦးကြည်ထွန်း ၁၂/ဒဂတ(နိုင်)၀၄၁၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

ကျော်ဇေယျာဦး(ဘ)ဦးကျော်ကျော် ၁၂/ရကန(ပြု)၀၀၀၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 695779)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၉၃၂၀၈၄

## ပျောက်ဆုံးကြောင်း

သန်းသန်းနွယ်(ဘ)ဦးဇော်ဝမ်း ၅/ဆလက(နိုင်)၁၃၈၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၉၂၉၁၁

## ပျောက်ဆုံးကြောင်း

ဖြိုးသီဟကျော်(ဘ)ဦးကျော်ရွှေ ၁၃/တကန(နိုင်)၂၅၉၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၉၄၃၂၀၃

## ပျောက်ဆုံးကြောင်း

ပရိဆန်(ဘ)ဦးဂရန်အောင် ၁၃/တမည(နိုင်)၀၁၃၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 185014)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၄၄၅၁၆၉၄

## အမည်ပြောင်း

ပဲခူးမြို့၊ မူလွန် ဗဟိုကျောင်း၊ Grade-3 မှ အဘ ဦးဇင်ဝင်းမောင်၏သား မောင်ဇင်လင်းထွန်းအား မောင်ထွန်းထွန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွန်းထွန်းလင်း**

## ပျောက်ဆုံးကြောင်း

အောင်ကြည်သန်း(ဘ)ဦးကျော်အောင် ၈/ရစက(နိုင်)၁၇၄၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က အင်းတကော်ကျောင်း၊ Grade-7(A) မှ မောင်လှိုင်မြင့်ခေါင်၏ဖခင်အမည်မှန်မှာ ဦးလင်းကြည်ခိုင် ၇/ပခန(နိုင်)၃၃၁၇၀၈ ဖြစ်ပါကြောင်း။

**ဦးလင်းကြည်ခိုင်**

## ပျောက်ဆုံးကြောင်း

သန္တာလင်း(ဘ)ဦးစိုးနိုင် ၁၂/လသယ(နိုင်)၀၉၄၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၆၁၈၁၉၉

## ပျောက်ဆုံးကြောင်း

ဝိုင်းခန့်အောင်(ဘ)ဦးမောင်တိတ် ၁၀/ပမန(နိုင်)၂၇၄၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

သန်းသန်းမြင့်(ဘ)ဦးမောင်မြင့် ၁၂/တမန(နိုင်)၀၆၆၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၆၂၀၃၅၇

## ပျောက်ဆုံးကြောင်း

၁၆၈၂/ခ၊ သလ္လဝတီ(၅)၊ ၁၀/တောင်နေ မအိအိမိုး(ဘ)ဦးသန်းထွေး ၁၂/သကတ(နိုင်)၂၁၃၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ အောင်ခိုင်မြင့်(ဘ)ဦးရာမြင့် ၉/ညဥန(နိုင်)၀၀၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၉၅၀၄၁၂




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la




Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

၂၃-၇-၂၀၂၆

| | | | | |
|---|---|---|---|---|
| ခရမ်း | ၃ | ၁၁သမ | ၂၇ | လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၂ | ၁၁သမ | ၉၅ | လက်မ |
| မုဒုံ | ၂ | ၁၁သမ | ၇၂ | လက်မ |
| မိုးကောင်း | ၂ | ၁၁သမ | ၆၄ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၂ | ၁၁သမ | ၆၀ | လက်မ |
| မြစ်ကြီးနား | ၂ | ၁၁သမ | ၅၂ | လက်မ |
| ပူတာအို | ၂ | ၁၁သမ | ၄၄ | လက်မ |
| မြိတ် | ၂ | ၁၁သမ | ၃၁ | လက်မ |

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒက္ခိဏသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စေတီပုထိုးများ ပြိုကျပျက်စီး၊ ရှာသစ်ကျောင်းရေဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထား

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်စေတီပုထိုးများ ပြိုကျပျက်စီးခြင်းနှင့် ရွာသစ်ကျောင်း ရေဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း ဇူလိုင်လ ၂၂ ရက်နှင့်၂၃ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်

စာမျက်နှာ ၂၅ ကော်လံ ၄ ▲



## အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မိုးဗြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာ စခန်းဝင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ရေကြီးရေလျှံမှုထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့်ရေကြောင်းခရီးသွားလာရေးလုပ်ငန်းတို့အတွက် အလွန်အရေးပါသည့် မိုးဗြဲရေလှောင်တမံပျက်စီးဆုံးရှုံးမှုများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို

စာမျက်နှာ ၂၇ ကော်လံ ၁▼

မိုးဗြဲရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ တည်နေရာပြပုံ




## တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ➡



## Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် မလေးရှားအသင်းယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၃

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်**(ယနေ့)**မှ ဩဂုတ်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု (B) ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် မလေးရှားအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဇူလိုင်လ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း နန်းခွင်-ဟိုပင်ဘူတာအကြား မြန်မာ့မီးရထားပိုင် ရထားသံလမ်းထိန်းကလစ်များခိုးယူဖျက်ဆီးမှုကြောင့် ရထားလမ်းလုံခြုံရေး ကင်းလှည့်ရထားလမ်းချော်ကျမှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၂၃

ဇူလိုင်လ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် မြစ်ကြီးနား-မိုးညှင်းလမ်းပိုင်း ဟိုပင်မြို့နယ် နန်းခွင်ဘူတာမှ ထွက်ခွာလာသော ရထားလမ်းလုံခြုံရေး ကင်းလှည့်ရထားသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နန်းခွင်နှင့် ဟိုပင်ဘူတာအကြား မိုင်တိုင်၊ ၆၅၄/၂ နှင့် ၁ ကြားသို့ ရောက်ရှိစဉ် ရထားစက်ခေါင်းနှင့်အတူ တွဲနှစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သဖြင့် နန်းခွင် – ဟိုပင်

စာမျက်နှာ ၂၅ ကော်လံ ၁ ❖



နန်းခွင်-ဟိုပင်ဘူတာအကြား ရထားသံလမ်းထိန်းကလစ်များဖြုတ်ယူထားမှုကို တွေ့ရစဉ်။

## ကလေးနှင့် မန္တလေးတို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် ဖမ်းဆီးရမိ

စာ – ၂၉ သို့



တရားခံ အောင်အောင်ထွန်း(ခ)အောင်ကြီး၊ ထောင်းရှင်းခိုင်၊ မကျင်းဆန်းညောင်(ခ)မဥာဏ် (ခ) စန်းစန်း (ခ) မညောင်နှင့် လှိုင်သလွန်း(ခ)ပါးတွောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နောက်ဆုံးရနိုင်ငံတကာသတင်း**

## အမေရိကန်သမ္မတအနေဖြင့် လွှတ်တော်၏ခွင့်ပြုချက်မလိုဘဲ အီရန်အပေါ် စစ်ရေးအရ ဆက်လက်ဆောင်ရွက်ခွင့်ရရှိ

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် လွှတ်တော်၏ခွင့်ပြုချက်မလိုဘဲ အီရန်အပေါ် စစ်ရေးအရ ဆက်လက်ဆောင်ရွက်ခွင့်ရရှိသွားပြီဖြစ်ကြောင်းသိရသည်။

ဇူလိုင်လ ၂၃ ရက်တွင် လုပ်ဆောင်သော လွှတ်တော်အစည်းအဝေး၌ ထရမ့်အနေဖြင့် လွှတ်တော်၏အတည်ပြုချက်မရရှိဘဲ အီရန်အပေါ် စစ်ရေးအရ ဆောင်ရွက်နေမှုများကို ရပ်ဆိုင်းရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ခုကို ရီပတ်ဘလစ်ကန်ပါတီကလွှမ်းမိုးထားသည့် အောက်လွှတ်တော်က အတည်ပြုထောက်ခံလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း အထက်လွှတ်တော်ကမူ အလားတူမူကြမ်းတစ်ခုကို နာရီပိုင်းအတွင်းမှာပင် ပယ်ချခဲ့ခြင်းဖြစ်သည်။

အောက်လွှတ်တော်အမတ်ဖြစ်သော ဒီမိုကရက်တစ်ပါတီမှ ပရာမီလာဂျာရာပါးတင်သွင်းသည့် အဆိုပါမူကြမ်းကို မဲခွဲရာတွင် ထောက်ခံမဲ ၂၁၄ မဲ၊ ကန့်ကွက်မဲ ၂၀၈ မဲဖြင့် အတည်ပြုမှုရရှိလိုက်ခြင်းဖြစ်သည်။ အထက်လွှတ်တော်၏ မဲခွဲမှုတွင်မူ ၄၉ မဲ – ၄၇ မဲဖြင့် အဆိုပါမူကြမ်းကို ပယ်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် ဒေါ်နယ်ထရမ့်သည် ပင်လယ်နီအတွင်း ဆော်ဒီအာရေဗျ၏ ရေနံတင်သင်္ဘောနှစ်စင်းကို တိုက်ခိုက်ခဲ့သည့် ဟူသီသူပုန်များနှင့် အီရန်အပေါ် စစ်ရေးအရအရေးယူမှုကြီး ပြုလုပ်သွားမည်ဟု ကတိပြုထားသည့်အတွက် နောက်ထပ်ရေကြောင်းကုန်သွယ်ရေးလမ်းဖြစ်သည့် ပင်လယ်နီဒေသအထိ စစ်ဘောင်ကျယ်လာနိုင်ဖွယ်ရှိကြောင်းသိရသည်။ Ref: ST